CENTRE FOR LAW AND DEMOCRACY

# မြန်မာ

# လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အပေါ် သက်ရောက်နေသည့် ဥပဒေများအကြောင်း အနှစ်ချုပ်စာတမ်း

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ


Centre for Law and Democracy
info@law-democracy.org
+1 902 431-3688
www.law-democracy.org
fb.com/CentreForLawAndDemocracy
@Law_Democracy

# မာတိကာ


***၁။ မိတ်ဆက်*** ........ ***1***

***၂။ အကြောင်းအရာပိုင်းဆိုင်ရာ စည်းမျဥ်းဥပဒေများ*** ........ ***5***

**၂.၁။ ပြစ်မှုဆိုင်ရာ ရာဇဝတ်မှု ဥပဒေများ** ........ **5**

**၂.၁.၁. အမုန်းစကား** ........ 5

**၂.၁.၂ နိုင်ငံတော်လုံခြုံရေး/အများပြည်သူငြိမ်ဝပ်ပိပြားရေး** ........ 7

**၂.၁.၃ ညစ်ညမ်းရုပ်ပုံ/စာပေ/မီဒီယာများ (Obscenity)** ........ 10

**၂.၁.၄ တရားစီရင်ရေးကို အကာအကွယ်ပေးခြင်း** ........ 11

**၂.၁.၅ ဘာသာရေး ထိပါးစော်ကားမှုဆိုင်ရာ ဥပဒေများ** ........ 12

**၂.၁.၆ သတင်းမှား ဥပဒေများ** ........ 13

**၂.၂ တရားမ ဥပဒေများ** ........ **15**

**၂.၂.၁ အသရေဖျက်မှု** ........ 15

**၂.၂.၂ ပုဂ္ဂိုလ်ရေးရာ လုံခြုံမှု** (Privacy) ........ 17

**၂.၃ သတင်းအချက်လက် ရပိုင်ခွင့်** ........ **19**

**၂.၄ အွန်လိုင်း အကြောင်းအရာများ** ........ **19**

***၃။ မီဒီယာ ထိန်းကျောင်းခြင်း*** ........ ***21***

**၃.၁ ခြုံငုံဖော်ပြချက်** ........ **21**

**၃.၁.၁ ထိန်းကျောင်းရေး အဖွဲ့များ၏ လွတ်လပ်မှု** ........ 22

**၃.၁.၂ စုံလင်ကွဲပြားမှု** (Diversity) ........ 23

**၃.၁.၃ စီးပွားရေးဆိုင်ရာ ပြဿနာများ** ........ 26

**၃.၂ အမျိုးမျိုးသော မီဒီယာ ကဏ္ဍများအား ထိန်းကျောင်းခြင်း** ........ **27**

**၃.၂.၁ စာနယ်ဇင်းသမားများ** ........ 27

**၃.၂.၂ ပုံနှိပ် မီဒီယာ** ........ 29

**၃.၂.၃ ပုဂ္ဂလိက ရုပ်/သံ ထုတ်လွှင့်တင်ဆက်သူများ** ........ 30

**၃.၂.၄ အများပြည်သူဝန်ဆောင်မှု ရုပ်/သံထုတ်လွှင့်တင်ဆက်ခြင်း** ........ 33

**၃.၂.၅ ဒီဂျစ်တယ် ရပ်ဝန်း** ........ 34

***၄။ နိဂုံး*** ........ ***36***

## ၁။ မိတ်ဆက် [1]

ဤအနှစ်ချုပ်စာတမ်းသည် မြန်မာနိုင်ငံရှိ အရပ်ဖက်လူထုနှင့် အခြားစိတ်ဝင်စားသည့် ဆက်စပ်သက်ဆိုင်သူများအတွက် နိုင်ငံတကာစံချိန်စံနှုန်းများနှင့်ကိုက်ညီသည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အပေါ် ထိန်းကျောင်းကွပ်ကဲသည့် ဥပဒေမူဘောင်တစ်ခုတွင်ပါဝင်သည့် အဓိက အစိတ်အပိုင်းများအကြောင်း လမ်းညွှန်ချက်ပေးရန်ဖြစ်သည်။ ထို့အပြင် ဤဖော်ပြချက်သည် - လက်ရှိ ဥပဒေမူဘောင်၏ နိုင်ငံတကာစံချိန်စံနှုန်းများနှင့် ကိုက်ညီမှုအား အကဲဖြတ်ဆန်းစစ်ရန်တွက် ဆက်စပ်သက်ဆိုင်သူများ အတွက် နည်းကိရိယာတစ်ခုလည်း ဖြစ်ပါသည်။ ဤစာတမ်းတွင် အရေးကြီးဆုံးပြဿနာများကိုသာ အသားပေးတင်ပြထားပြီး၊ နိုင်ငံတကာစံချိန်စံနှုန်းများအတွက် ပြီးပြည့်စုံစွာ ပြုစုရေးသားထားသည့် လမ်းညွှန်ချက်တစ်ရပ်အဖြစ် မှတ်ယူရန်မဟုတ်ပါ။

ဤစာတမ်းကို နိုင်ငံတကာဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်းနှင့် တရားဥပဒေစီရင်မှုအများစုတို့တွင် တွေ့ရသည့်အတိုင်း ‘သတင်းအချက်အလက်ရပိုင်ခွင့်’ အပါအဝင် ‘လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်’ အပေါ် စည်းမျဉ်းချမှတ်ထိန်းကျောင်းသည့် ဥပဒေများ၏ အဓိက မူဘောင်အကြောင်း ခြုံငုံဖော်ပြထားသည့်ဇယားဖြင့် အစချီထားသည်။ ထို့နောက် - အမုန်းစကားအားတိုက်ဖျက်ရန် နိုင်ငံတော် လုံခြုံရေး/အများပြည်သူငြိမ်ဝပ်ပိပြားရေးကို ကာကွယ်ရန်၊ ညစ်ညမ်းရုပ်ပုံစာပေမီဒီယာကိစ္စကို ဖြေရှင်းရန်၊ တရားစီရင်ရေးကို ကာကွယ်ရန်၊ ဘာသာရေးပုတ်ခတ်စော်ကားမှု၊ သတင်းမှားနှင့် အသရေဖျက်မှုတို့ကို ကိုင်တွယ်ဖြေရှင်းရန်၊ ပုဂ္ဂိုလ်ရေးရာလုံခြုံမှုကိုကာကွယ်ရန်နှင့် သတင်းအချက်အလက်ရ ပိုင်ခွင့်အခွင့်အရေးကိုပေးအပ်ရန် - စသည်တို့အတွက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် တားမြစ်ကန့်သတ်ထားမှု စသည့် ရာဇဝတ် နှင့် တရားမ အကြောင်းအရာဥပဒေများအတွက် နိုင်ငံတကာစံချိန်စံနှုန်းများကို ဆက်လက်ဖော်ပြထားသည်။

[1] ဤစာတမ်းကို Creative Commons Attribution-Non Commercial-ShareAlike 3.0 Unported Licence အောက် လိုင်စင်ရထားခြင်းဖြစ်သည်။ သင့်အနေဖြင့် ဤစာတမ်းကို မူလအရင်းအမြစ်ဖြစ်သည့် ဥပဒေနှင့်ဒီမိုကရေစီစင်တာ (Centre for Law and Demoncracy) အား ခရက်ဒစ်ပေးပြီး၊ လွတ်လပ်စွာ မိတ္တူကူးယူ၊ ဖြန့်ဝေ၊ ပြသနိုင်သော်လည်း စီးပွားဖြစ်ကိစ္စများအတွက်အသုံးမပြုရန်၊ ဤစာတမ်းထုတ်ဝေချက်လိုင်စင်နှင့်ထပ်တူကျသည့်လိုင်စင်အောက်တွင် ဤစာတမ်းမှ ဆင်းသက်လာသည့် အခြား ထုတ်နှုတ်ချက်များကိုလည်း ဖြန့်ဝေခြင်းမပြုရန်ဖြစ်သည်။
http://creativecommons.org/licenses/by-nc-sa/3.0/. တွင်သွားရောက်လေ့လာပါ။

နိုင်ငံတကာဥပဒေအောက်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် မည်သည့်တားမြစ်ကန့်သတ်ချက်မဆို ကျိုးကြောင်းခိုင်လုံသော အကျိုးစီးပွားတစ်ရပ်ရပ်ကို ကာကွယ်ရန်လိုအပ်ကြောင်းဖြင့် ဥပဒေနှင့်အညီ ပြဋ္ဌာန်းထားရမည်ဟူသည့် လိုအပ်ချက် ၃ ရပ်တို့နှင့် ပြည့်မှီရမည် ဖြစ်သည်။ အကြောင်းအရာများအပေါ် ကန့်သတ်ချက်များသည် ယင်းလိုအပ်ချက် ၃ ရပ်တို့နှင့်ပြည့်မှီ ခြင်း ရှိ/မရှိကို မည်သို့ စမ်းသပ်စစ်ဆေးရမည့်အကြောင်း ဤစာတမ်းတွင် ဖော်ပြပေးထားပြီး၊ (အမုန်းစကား သို့မဟုတ် နိုင်ငံတော်လုံခြုံရေးအပေါ် ခြိမ်းခြောက်သည့်အန္တရာယ်စသည့်) တိကျသော အန္တရာယ်များကို ပစ်မှတ်ထားသည့် ကျယ်ပြန့်စွာဖွင့်ဆိုထားမှုမရှိသည့် ပြဋ္ဌာန်းချက်များအား ကျင့်သုံးခြင်း၏ အရေးပါပုံနှင့်၊ ဘာသာရေးထိပါးစော်ကားခြင်း သို့မဟုတ် တရားစီရင်ရေးအပေါ် ဝေဖန်မှုမရှိအောင်ကာကွယ်ခြင်း စသည့်နယ်ပယ်များကို စုပေါင်း၍ တားမြစ်ကန့်သတ်ခြင်းများမပြုရန် အကောင်းဆုံးအလေ့အထများ သို့မဟုတ် ယင်းသို့မပြုရန်လိုအပ်ကြောင်း နိုင်ငံတကာဥပဒေမှ တိုက်တွန်းထားမှုများ အကြောင်းတို့ကိုလည်း မှတ်ချက်ပြုသုံးသပ်ပြထားသည်။

ထို့နောက် ဤ စာတမ်းတွင် - စည်းမျဉ်းချမှတ်ထိန်းကျောင်းရေး အဖွဲ့/ဌာန (regulatory body) များ၏ လွတ်လပ်မှု၏ အရေးပါပုံနှင့် စုံလင်ကွဲပြားသော သတင်းမီဒီယာဖြစ်တည်မှုများအား မြှင့်တင်ပေးရန် အရေးပါမှုအကြောင်းတို့ကို မီးမောင်းထိုးပြထားပြီး၊ အမျိုးမျိုးသော သတင်းမီဒီယာများဖြစ်သည့် (ပုံနှိပ် မီဒီယာ၊ ပုဂ္ဂလိက ရုပ်/သံထုတ်လွှင့်တင်ဆက်သူများ၊ အများပြည်သူ ရုပ်/သံထုတ်လွှင့်တင်ဆက်သူများနှင့် အွန်လိုင်းဆက်သွယ်ချိတ်ဆက်မှုများ စသည်) တို့အတွက်သင့်လျော်သည့် မတူကွဲပြားသော စည်းမျဉ်းဥပဒေသများ မည်သို့ရှိသည့်အကြောင်း အသေးစိတ်ဖော်ပြထားကာ - သတင်းမီဒီယာ စည်းမျဉ်းချမှတ်ထိန်းကျောင်းမှုဆိုင်ရာ နိုင်ငံတကာစံချိန်စံနှုန်းများအကြောင်း ဆက်လက် ဖော်ပြထားသည်။ မတူသော နိုင်ငံအမျိုးမျိုးတို့တွင် သတင်းမီဒီယာ စည်းမျဉ်းချမှတ်ထိန်းကျောင်းရန် မတူညီသော ချဉ်းကပ်နည်းအမျိုးမျိုးတို့ဖြင့် လုပ်ဆောင်ကြသော်လည်း -သတင်းမီဒီယာထိန်းကျောင်းသူများ လွတ်လပ်မှုရှိရန် လိုအပ်ချက်နှင့် စာနယ်ဇင်းသမားများအတွက် လိုင်စင်ထုတ်ပေးသည့်အုပ်ချုပ်ရေးအဖွဲ့/ဌာနများ၏ တရားမဝင်မှု စသည့်- ပြဿနာအမြောက်အများတို့နှင့်စပ်လျဉ်း၍ နိုင်ငံတကာ စံချိန်စံနှုန်းများနှင့် အကောင်းဆုံးအလေ့အထများ ပေါ်ထွက်ထားပြီးဖြစ်သည်။

ဤ စာတမ်းတွင်တင်ပြထားသည့် စည်းမျဉ်းဥပဒေသများအကြောင်း ဇယားအချုပ်ကို အောက်ပါ စာမျက်နှာတွင်ဖော်ပြထားသည်။

## အကြောင်းအရာ

| ရာဇဝတ်မှုပိုင်း | အွန်လိုင်းအကြောင်းအရာ |
| --- | --- |
| • *အမုန်းစကား*<br>ခွဲခြားဆက်ဆံမှု၊ ရင့်သီးမှု သို့မဟုတ် အကြမ်းဖက်မှုကို လှုံ့ဆော်ရာရောက်သည့် နိုင်ငံတော်၊ လူမျိုးရေး သို့မဟုတ် ဘာသာရေး အမုန်းတရားများအား စည်းရုံးလှုံ့ဆော်ခြင်း<br>• *လုံခြုံရေး/ အများပြည်သူ ငြိမ်ဝပ်ပိပြားရေး*<br>မလွှဲမရှောင်နိုင်သော အကြမ်းဖက်မှုကို ရည်ရွယ်ချက်ရှိရှိနှင့် ဖြစ်နိုင်ချေရှိရှိ လှုံ့ဆော်ခြင်း<br>• *ညစ်ညမ်းရုပ်ပုံ/စာပေ/မီဒီယာ*<br>စိတ်အနှောင့်အယှက်ဖြစ်စေသည့် အရာများသာမကပဲ၊ ကလေးသူငယ် ညစ်ညမ်းရုပ်ပုံ/စာပေ/မီဒီယာ စသည့် အန္တရာယ်ဖြစ်စေသည့် အကြောင်းအရာများ<br>• *တရားစီရင်ရေး*<br>တရားသူကြီးတစ်ဦးချင်းစီကိုမဟုတ်ပဲ တရားစီရင်ရေးလုပ်ငန်းစဉ်၏ သမာသမတ်ကျမှုကို ကာကွယ်ရန်<br>• *ဘာသာရေးထိပါးစော်ကားမှု/ သတင်းမှားများ* | • *အကြောင်းအရာ စိစစ်ဖြတ်တောက်ခြင်း*<br>နောက်ဆုံးအသုံးပြုသူမှ ထိန်းချုပ်ခြင်း (end-user-controlled) မဟုတ်ပါက တရားဝင်မခိုင်လုံ<br>• *ပိတ်ဆို့မိန့် များ*<br>ဤသည်ချွင်းချက်ရှိသောကိစ္စများအတွက်သာဖြစ်သင့်၊ အချိုးကျကျဖြစ်သင့်၊ အန္တရာယ်ဖြစ်စေသော အကြောင်းအရာ များအတွက် ဂရုတစိုက်ပစ်မှတ် ထားသင့် ပြီး တရားစီရင်ရေး/ဖက်စပ်တရားစီရင်ရေး ကွပ်ကဲမှုအောက်တွင်ရှိသင့်ပြီး။<br>• *ကြားခံလုပ်ဆောင်သူ* (*intermediaries*) *များအတွက် မည်သည့် တာဝန်ရှိမှုများ အလျဉ်းမရှိ*<br>ကြားခံလုပ်ဆောင်သူများသည် အကြောင်းအရာဖော်ပြမှုများအတွက် တာဝန်ရှိခြင်း မဖြစ်သင့်။ |

## မီဒီယာ စည်းမျဉ်းဥပဒေ

**ထိန်းကျောင်းရေး အဖွဲ့/ဌာနများ၏ လွတ်လပ်မှု နှင့် စီးပွားရေး ပြဿနာများ**

| စာနယ်ဇင်းသမားများ | ပုံနှိပ်မီဒီယာ | ပုဂ္ဂလိက ရုပ်/သံ ထုတ်လွှင့်တင်ဆက်သူများ |
| --- | --- | --- |
| • *လိုင်စင်ချထားပေးမှု/မှတ်ပုံတင်မှု မရှိခြင်း*<br>လူတိုင်းစာနယ်ဇင်းကဏ္ဍတွင် လွတ်လပ်စွာ ပါဝင်လုပ်ဆောင်နိုင်မှုရှိသင့်သည်။<br>• *အရင်းအမြစ်များအား အကာအကွယ်ပေးခြင်း*<br>လျှို့ဝှက်ထိန်းသိမ်းအပ်သော သတင်းအချက်အလက်အရင်းအမြစ်များအား အကာအကွယ်ပေးခွင့်<br>• *အသိအမှတ်ပြု အထောက်အထားထုတ်ပေးခြင်း* (accreditation)<br>ကန့်သတ်ထားသည့် နေရာဌာနများသို့ စာနယ်ဇင်းသမားများ အခွင့်ထူးခံ၍ ဝင်ရောက်နိုင်ကြောင်းသေချာစေရန်သာဖြစ်သင့်ပြီး စာနယ်ဇင်းသမားများ၏အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်အပေါ် ထိန်းချုပ်ရန်မဖြစ်သင့်။<br>• *တိုက်ခိုက်မှုများမှ အကာအကွယ်ပေးခြင်း*<br>နိုင်ငံတော်မှရော နိုင်ငံတော်မဟုတ်သည့် အခြားသူများ၊အွန်လိုင်း အပါအဝင်၊ တို့မှပါ စာနယ်ဇင်းသမားများအပေါ် | • *လိုင်စင်ချထားမှုမရှိခြင်း*<br>• *နည်းပညာပိုင်းဆိုင်ရာ မှတ်ပုံတင်ခြင်း*<br>လိုအပ်သည့်သတင်းအချက်အလက်များပေးပြီးသည်နှင့် မှတ်ပုံတင်ကို ဆန္ဒအလျောက် မငြင်းဆိုပဲထုတ်ပေးခြင်း။<br>• အမှန်ပြင်ဆင်မှု (*right of correction*) နှင့် တုံ့ပြန်မှု (*right of reply*) အခွင့်အရေးများ<br>အန္တရာယ်ကိုကုစားပေးမည့် အမှန်ပြင်ဆင်မှုဆောင်ရွက်ပိုင်ခွင့်၊ ဥပဒေအခွင့်အရေးချိုးဖောက်မှုအတွက်သာ တုံ့ပြန်ပိုင်ခွင့်။<br>• *တိုင်ကြားချက်များ*<br>မိမိတို့ကိုယ်တိုင် ထိန်းကျောင်းခြင်းကို ပို၍အားပေး။<br>ကြိုတင်ဖော်ဆောင်ထားသည့် ကျင့်ဝတ်အပေါ်အခြေခံပြီး၊ မပြင်းထန်သော ပိတ်ဆို့မှုတို့ကိုသာ လုပ်သင့်။ | - *လိုင်စင်ချထားခြင်း*<br>- ကြိမ်နှုန်း (frequency) အစီအစဉ်အပေါ် အခြေခံ<br>- လုပ်ငန်းစဉ်သည် မျှတပြီး ပွင့်လင်းမြင်သာသင့်<br>- မတူကွဲပြားမှုကိုမြှင့်တင်ရန်သည် အဓိက ရည်မှန်းချက်ဖြစ်သင့်<br>- ကျင့်ဝတ် (*Code of Conduct*)<br>အပြစ်ပေးရန်မဟုတ်ပဲ စံနှုန်းများချမှတ်ရေး ရည်မှန်းချက်ဖြင့် ပါဝင်သက်ဆိုင်သူများအားလုံးနှင့် ဆွေးနွေးတိုင်ပင်ကာ ရေးဆွဲဖော်ဆောင်ခြင်း။ |

| | |
|---|---|
| မည်သည့်တစ်ခုမျှ တရားဝင်မခိုင်လုံ | • *အွန်လိုင်း အန္တရာယ်ပြုမှုများ အတွက် သီးသန့်*<br>တားမြစ်ကန့်သတ်ချက်များတွင်-တည်ဆဲဥပဒေများကို နှစ်ထပ်ပွား ခြင်းမှရှောင်ကျဉ်သင့်ပြီး၊ အွန်လိုင်း အတွက်တိကျသည့် အန္တရာယ်များ ကို ပစ်မှတ်ထားသင့်သည်။ |
| **တရားမ/အုပ်ချုပ်ရေးပိုင်း** | |
| • *အသရေဖျက်မှု*<br>ကျိုးကြောင်းခိုင်လုံသည့် ဂုဏ်သိက္ခာထိန်းသိမ်းရန်အတွက်သာ။ (အမှန်တရား၊ တွေးခေါ်ယူဆမှု၊ ကျိုးကြောင်းသင့်သည့် ထုတ်ပြန်မှု) စသည့် သင့်လျော်သည့်ခုခံမှုများဖြင့် နှင့် အကန့်အသတ်ရှိသည့် ပိတ်ဆို့တားမြစ်ချက်များဖြင့် ဖြစ်သင့်။<br>• *ပုဂ္ဂိုလ်ရေးရာ လုံခြုံမှု*<br>ပုဂ္ဂိုလ်ရေးရာလုံခြုံမှုအတွက် ကျိုးကြောင်းသင့်သည့်အခါတွင်မှဖြစ်သင့်ပြီး၊ ၎င်းကို အခြား ယေဘုယျ အများပြည်သူအကျိုးစီးပွားထက် ဦးစားမပေးရ။<br>• *သတင်းအချက်အလက်ရပိုင်ခွင့် ဥပဒေ*<br>လက်ခံကျင့်သုံးပြီး အကောင်အထည်ဖော်သင့်။<br>• *အွန်လိုင်းမှ ထိခိုက်အန္တရာယ်ပြုမှုများ*<br>ဆိုက်ဘာရပ်ဝန်းအတွက် သီးခြားဆိုင်ပြီးတစ်မူထူးခြားသည့် အန္တရာယ်များ အတွက်ဖြစ်ပြီး၊  တည်ဆဲဥပဒေများ ထပ်၍ပြဋ္ဌာန်းထားမှုမဖြစ်သင့်။ | |

| | | |
|---|---|---|
| တိုက်ခိုက်မှုကို နိုင်ငံတော်က အကာအကွယ်ပေးသင့်သည်။ | | |
| **ဒီဂျစ်တယ် ရုပ်ဝန်း** | | **အများပြည်သူဝန်ဆောင်မှု ရုပ်/သံ ထုတ်လွှင့်တင်ဆက်သူများ** |
| • *လိုင်စင်ချထားမှုမရှိခြင်း*<br>အွန်လိုင်းအကြောင်းအရာများအတွက် လိုင်စင်ချထားရန်မလိုအပ်ပဲ၊ ဖြန့်ဝေရန် အတွက်သာ အများဆုံးလိုအပ်ခြင်း။<br>• *အင်တာနက်ရယူလက်လှမ်းမှီနိုင်မှု အသုံးပြုနိုင်မှု မြှင့်တင်ခြင်း*<br>ရယူလက်လှမ်းမှီနိုင်မှု မြှင့်တင်ရန် တာဝန်ရှိခြင်း။<br>• *အင်တာနက်ပိတ်ဆို့မှုများမပြုခြင်း*<br>မည်သည့် ပထဝီနေရာဒေသတွင်မျှ အထွေထွေ အင်တာနက် ပိတ်ဆို့မှုများ မပြုခြင်း။<br>• *ဘက်မလိုက်မှု*<br>ပစ္စည်း၊ ရေးသားမှုဝေသည့်အကြောင်းအရာ၊ ရေးသားသူ၊ လမ်းကြောင်း သို့မဟုတ် ဒေတာ၏ ဇစ်မြစ် စသည်တို့အပေါ်အခြေခံ ပြီး အင်တာနက်လမ်းကြောင်းကို မတူညီစွာ သတ်မှတ်မလုပ်ဆောင်ခြင်း။ | | • *အမှီသဟဲကင်း လွတ်လပ်မှု*<br>အများပြည်သူ ရန်ပုံငွေ လွတ်လပ်သောအရင်းအမြစ်များထံမှ အကျိုးခံစားသည့် လွတ်လပ်သော ဘုတ်အဖွဲ့မှ ကြီးကြပ်ကွပ်ကဲ။<br>• *လုပ်ပိုင်ခွင့်တာဝန်* (*Mandate*)<br>အရည်အသွေးပြည့်မီသော သတင်းများတင်ဆက်ခြင်းနှင့် လူထုအလွှာ အားလုံးတို့အတွက် ဝန်ဆောင်မှုပေးခြင်း စသည်တို့ အပါအဝင် တာဝန်ကို ဥပဒေတွင် ရှင်းလင်းစွာ ချမှတ်ပြဋ္ဌာန်းသင့်သည်။ |

# ၂။ အကြောင်းအရာပိုင်းဆိုင်ရာ စည်းမျဉ်းဥပဒေများ

ဤအပိုင်းတွင် အကြောင်းအရာရပ်အပေါ် အဓိကတားမြစ်ကန့်သတ်ချက်များနှင့် စပ်လျဉ်းသည့် နိုင်ငံတကာစံချိန်စံနှုန်းများနှင့် အကောင်းဆုံး အလေ့အထများအကြောင်း မီးမောင်းထိုးပြထားပြီး၊ ယင်းတားမြစ်ကန့်သတ်ချက်များအတွက် သင့်တော်သော နယ်ပယ်အတိုင်းအဆအကြောင်းကိုလည်း အတိုချုပ်ဖော်ပြပေးထားသည်။ နိုင်ငံတကာဥပဒေအောက်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် တားမြစ်ကန့်သတ်ချက်များကို- ဥပဒေဖြင့်ပြဋ္ဌာန်းထားရမည်ဖြစ်ပြီး၊ ခိုင်လုံသော အကျိုးစီးပွားတစ်ရပ်ရပ် (အခြားသူများ၏ အခွင့်အရေး သို့မဟုတ် ဂုဏ်သိက္ခာ၊ သို့မဟုတ် နိုင်ငံတော်လုံခြုံရေး၊ အများပြည်သူအေးချမ်းရေး/ငြိမ်ဝပ်ပိပြားရေး (*ordre public*)၊ အများပြည်သူကျန်းမာရေး သို့မဟုတ် အများပြည်သူကိုယ်ကျင့်တရားတို့အား ကာကွယ်ခြင်း) အတွက်ဖြစ်ရမည်ဖြစ်ကာ၊ ယင်းအကျိုးစီးပွားအား ကာကွယ်ရန် လိုအပ်သဖြင့် ဖြစ်ရမည် ဖြစ်သည်။ တားမြစ်ကန့်သတ်ချက်သည် အောက်ပါတို့ဖြစ်ရန် လိုအပ်သည်-

- ရှင်းလင်းစွာနှင့် တိကျစွာ အဓိပ္ပာယ်ဖွင့်ဆိုထားပြီး၊ လူမှုရေး အရေးတကြီးလိုအပ်ချက်အား တုံ့ပြန်ရန်။
- ထိရောက်မှုရှိပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ပိုမိုလျော့နည်းစွာကန့်သတ်သည့် အခြားဆောင်ရွက်ချက်မရှိ၍ အတတ်နိုင်ဆုံး စွက်ဖက်မှုအနည်းဆုံးဖြစ်အောင် လုပ်သည့် ဆောင်ရွက်ချက်ဖြစ်ရန်။
- မတရား ကျယ်ပြောပြီး ထိခိုက်အန္တရာယ်ဖြစ်စေသော စကား၏ နယ်ပယ်အတိုင်းအတာထက် ကျော်လွန်၍ ခိုင်လုံသောစကားအား တားမြစ်ကန့်သတ်ခြင်းတို့ မဖြစ်ပဲ၊ အလွန်အကျူးမဖြစ်ရန်။
- အကာအကွယ်ပေးလိုက်သည့် အကျိုးစီးပွား၏ ကောင်းကျိုးသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား တားမြစ်ကန့်သတ်လိုက်သည့် ထိခိုက်မှုထက် သာလွန်ကြီးမားရမည် ဖြစ်သည်။

## ၂.၁။ ပြစ်မှုဆိုင်ရာ ရာဇဝတ်မှု ဥပဒေများ

### ၂.၁.၁. အမုန်းစကား

နိုင်ငံအမြောက်အမြားတို့တွင် အမုန်းစကားဖြန့်ဝေခြင်းအပေါ် ရာဇဝတ်မှုအဖြစ်တားမြစ်ကန့်သတ်ချက်များရှိပြီး နိုင်ငံတကာဥပဒေအောက်တွင်လည်း ယင်းသို့တားမြစ်ပေးရန်လိုအပ်သည်။ *နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူပဋိညာဉ်စာချုပ်*[2] (ICCPR) ၏ အပိုဒ် ၂၀(၂) တွင်လည်း-

> ခွဲခြားဆက်ဆံမှု၊ ရင့်သီးမှု သို့မဟုတ် အကြမ်းဖက်မှုအား အားပေးလှုံ့ဆော်ခြင်းမြောက်သည့်၊ နိုင်ငံတော်၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးဆိုင်ရာ အမုန်းတရားများအကြောင်း စည်းရုံးလှုံ့ဆော်ခြင်းကို ဥပဒေအရ တားမြစ်ရမည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် တားမြစ်ကန့်သတ်ချက်များအားလုံးတို့တွင်- အခြား ခိုင်လုံသော အကျိုးစီးပွားများအား အကာအကွယ်ပေးခြင်းနှင့် လွတ်လပ်စွာပြောဆိုခွင့်အား မမျှမတတားမြစ်ခြင်းတို့အကြား သင့်တော်အောင်ချိန်ခွင်လျှာမျှနိုင်ရန် အရေးကြီးသည်။ အမုန်းစကားဆိုင်ရာ ဥပဒေများကို ICCPR ၏ အပိုဒ် ၂၀(၂) တွင်ချမှတ်ထားသည့် နယ်ပယ်အတိုင်းအဆအတိုင်း ကန့်သတ်ခြင်းက ယင်းသို့ချိန်ခွင်လျှာမျှစေရန် နည်းလမ်းကောင်းတစ်ခုဖြစ်သည်။

အပိုဒ် ၂၀(၂) ကို ယေဘုယျအားဖြင့် အောက်ပါအတိုင်း အမျိုးမျိုးသော ပါဝင်အစိတ်အပိုင်းများပါဝင်သည့် ပြဋ္ဌာန်းချက်အဖြစ် နားလည်သဘောပေါက်ကြသည်-

> ၁။ "စည်းရုံးလှုံ့ဆော်ခြင်း (advocacy)" ဟူသော စကားလုံးကို- အမုန်းတရားလှုံ့ဆော်လိုသည့် ပြောဆိုသူအား တာဝန်ယူခိုင်းရန်မှာ ၎င်းတွင် ယင်းသို့လှုံ့ဆော်လိုသည့် ရည်ရွယ်ချက်ရှိရန် လိုအပ်သည်။
>
> ၂။ ပြောဆိုရေးသားသည့်စကားသည် - နိုင်ငံသားဖြစ်မှု၊ လူမျိုး သို့မဟုတ် ကိုးကွယ်ရာဘာသာစသည့် ပေးထားသည့် အကြောင်းချင်းရာ ၃ ခုတို့အနက်တစ်ခုခုအပေါ်အခြေခံပြီး အမုန်းတရားလှုံ့ဆော်ခြင်းဖြစ်ရမည်။ နိုင်ငံများ၏ ဥပဒေများအနေဖြင့် ဤအချက်တွင် ပေးထားသည့် ၃ မျိုးထက်ပို၍ ကျယ်ပြန့်စွာသွားလေ့ရှိပြီး လူမျိုးနွယ်စု၊ ဂျဲန်ဒါ၊ လိင်စိတ်ကွဲပြားမှု နှင့် အခြားအစရှိသဖြင့် အကြောင်းရင်းအမျိုးမျိုးတို့အပေါ် အမုန်းတရားလှုံ့ဆော်မှုများကို တားမြစ်လေ့ရှိသည်။
>
> ၃။ ပြောဆိုရေးသားသည့် စကားသည် ရလဒ် သုံးမျိုးအနက်တစ်မျိုးမျိုးတို့အား ဖြစ်ပေါ်အောင် လှုံ့ဆော်ခြင်းဖြစ်ရမည် (နောက် အချက်နံပါတ်၄ ကိုကြည့်ပါ)။ တရားဥပဒေရှုထောင့်မှ ကြည့်

[2] ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ဆောင်ရွက်ချက်အမှတ် ၂၂၀၀ က (၂၁)၊ ၁၉၆၆ ဒီဇင်ဘာ ၁၆။ ၁၉၇၆ မတ်လ ၂၃ တွင် အသက်ဝင်သည်။

လျှင် ၎င်းတွင် - ပြောဆိုသည့်စကားနှင့် ရလဒ်တို့အကြား နီးစပ်သည့်ဆက်နွယ်မှုရှိရန်လိုအပ်သည်။ ယင်းရလဒ်တစ်မျိုးမျိုးတို့ဖြစ်ပေါ်ရန် ယေဘုယျဆန်ဆန်ဖြစ်စေနိုင်မှု သို့မဟုတ် ယေဘုယျအန္တရာယ်ရှိစေမှုသည် လုံလောက်သောအကြောင်းပြချက်မဟုတ်ပါ။ ယင်းရလဒ်တစ်မျိုးမျိုးဖြစ်ပေါ်ရန် တိုက်ရိုက်ဖြစ်သော နှင့် မြင့်မားသော ဖြစ်နိုင်ချေ ရှိရမည်ဖြစ်သည်။

၄။ ပြောဆိုရေးသားသောစကားသည် - ခွဲခြားဆက်ဆံခြင်း (discrimination)၊ ရင့်သီးမှု (hostility) သို့မဟုတ် အကြမ်းဖက်မှု (violence) ဟူသည့် သုံးမျိုးအနက် ရလဒ်တစ်မျိုးမျိုးတို့ကို လှုံ့ဆော်စေရမည် ဖြစ်သည်။ ၎င်းတို့အနက်နှစ်ခုဖြစ်သည့်- ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှု- တို့သည် တိကျသည့် အပြုအမူများဖြစ်သည် (ခွဲခြားဆက်ဆံခြင်းကို များသောအားဖြင့် နိုင်ငံတော်ဥပဒေများတွင် အဓိပ္ပာယ်ဖွင့်ဆိုလေ့ရှိသော်လည်း၊ ဝန်ဆောင်မှုများ သို့မဟုတ် အကျိုးကျေးဇူးများ မရရှိအောင် ငြင်းဆိုခြင်းအကြောင်းတို့သာ ပါဝင်လေ့ရှိသည်)။ တတိယတစ်မျိုးဖြစ်သည့် - ရင့်သီးမှု - သည် စိတ်အခြေအနေတစ်ရပ်ဖြစ်ပြီး သဘာဝအားဖြင့် လေ့လာရန် သို့မဟုတ် စောင့်ကြည့်ရန် ခက်ခဲလေ့ရှိသည်။ သို့သော်လည်း ၎င်းစိတ်အခြေအနေသည် အယူစွဲမှု သို့မဟုတ် ပုံစံခွက်သွင်း၍သတ်မှတ်မှု (stereotyping)ထက်ပို၍ ပြင်းထန်သော စိတ်ခံစားချက်ဖြစ်ကြောင်း ရှင်းလင်းသည်။ “ရင့်သီးမှု” ဟူသည့် စကားလုံးကို- “အမုန်းတရား” ဟူသည့်စကားလုံးအား ထပ်ကာထပ်ကာမသုံးမိစေရန် ပြောင်းလဲသုံးစွဲထားဟန်တူသော်လည်း ယင်းအတွက် ရည်ရွယ်ချက်မှာမူ ပြင်းထန်သည့်စိတ်ခံစားချက်တစ်မျိုးမျိုးကို ကိုယ်စားပြုရန်ဖော်ပြရန်ဖြစ်သည်။

၅။ “ဥပဒေဖြင့် တားမြစ်ထားသော” ဟုဆိုရာတွင် များသောအားဖြင့် ပြစ်မှုဆိုင်ရာ ရာဇဝတ်မှု ဥပဒေဖြင့် တားမြစ်ကန့်သတ်ခြင်းကိုရည်ညွှန်းခြင်းဟု သဘောပေါက်လေ့ရှိသည်။ သို့သော်လည်း ဤနယ်ပယ်တွင်- ရုပ်/သံ ထုတ်လွှင့်တင်ဆက်သူများအတွက် ကျင့်ဝတ် နှင့်/သို့မဟုတ် အမုန်းစကားကြောင့် ထိခိုက်ဆုံးရှုံးမှုများခံစားရသူတစ်ဦးရှိသည့်အခါ တရားမမှုဖွင့်ဆိုပိုင်ခွင့်စသည့်- တရားမမှုနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဥပဒေဆောင်ရွက်ချက်များကိုလည်း စဉ်းစားသင့်သည်။

## ၂.၁.၂ နိုင်ငံတော်လုံခြုံရေး/အများပြည်သူငြိမ်ဝပ်ပိပြားရေး

နိုင်ငံတော်လုံခြုံရေးနှင့် အများပြည်သူငြိမ်ဝပ်ပိပြားရေးတို့အား ကာကွယ်ခြင်းဟူသည့် အကျိုးစီးပွားနှစ်ရပ်စလုံးတို့သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ဝိရောဓိဖြစ်လာနိုင်သည့် အရာများဖြစ်သည်။ ယင်းအကျိုးစီးပွားများအားကာကွယ်ရန်အတွက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် တားမြစ်ကန့်

သတ်ချက်အချို့လုပ်ဆောင်ခြင်းသည် ကျိုးကြောင်းခိုင်လုံသော်လည်း၊ တစ်ချိန်တည်း၌ပင် ယင်းအချက်ကို လွတ်လပ်စွာပြောဆိုခွင့်အပေါ် မမျှမတ တားမြစ်ကန့်သတ်ရန် အလွဲသုံးစားပြုလေ့ရှိသည်။

နိုင်ငံတော်လုံခြုံရေးအတွက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ်တားမြစ်ကန့်သတ်သည့် ဥပဒေများသည် - နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု သို့မဟုတ် အကြည်ညိုပျက်စေခြင်း ဥပဒေများ၊ နိုင်ငံတော် လျှို့ဝှက်ချက်ဥပဒေများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေများနှင့် ဆိုက်ဘာလုံခြုံရေးဥပဒေများနှင့် အခြား စသဖြင့် နာမည်အမျိုးမျိုးတို့ဖြင့် ရှိသည်။ ယင်းဥပဒေများအားလုံးတို့အတွက် မရှိမဖြစ်လိုအပ်သည်မှာ ၎င်းတို့အား နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများနှင့်အညီ ရေးဆွဲပြဋ္ဌာန်းကျင့်သုံးခြင်းဖြစ်ရန်ဖြစ်သည်။

နိုင်ငံတကာကျွမ်းကျင်ပညာရှင်အုပ်စုတစ်ခုမှ လက်ခံကျင့်သုံးရန်ဖော်ဆောင်ထားသည့်၊ နိုင်ငံတော်လုံခြုံရေးနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အခြေခံမူများပါဝင်သည့်၊ *နိုင်ငံတော်လုံခြုံရေး၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရပိုင်ခွင့်ဆိုင်ရာ ဂျိုဟန္နတ်စ်ဘာ့ဂ် အခြေခံမူများ (Johannesburg Principles on National Security, Freedom of Expression and Access to Information)* တွင် နိုင်ငံတော်လုံခြုံရေးအကျိုးစီးပွားအတွက် ခိုင်လုံသောကန့်သတ်ချက်ကို အောက်ပါအတိုင်းအဓိပ္ပာယ်ဖွင့်ဆိုထားသည်-

> နိုင်ငံတော်လုံခြုံရေးအခြေအမြစ် အပေါ် အကြောင်းပြု၍ တားမြစ်ကန့်သတ်ချက် တစ်ရပ်သည် - နိုင်ငံတော်ရပ်တည်မှု သို့မဟုတ် နိုင်ငံတော်နယ်နိမိတ်ခိုင်မာမှုတို့အပေါ် အင်အားအသုံးပြုခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းတို့မှ အကာအကွယ်ပေးရန်ဖြစ်စေ၊ စစ်ရေးစသည့် ပြင်ပအရင်းအမြစ်တစ်ခုခု သို့မဟုတ် အစိုးရအား အကြမ်းဖက်ဖြုတ်ချရန်လှုံ့ဆော်မှုစသည့် ပြည်တွင်းအရင်းအမြစ်တစ်ခုခုက ယင်းသို့ အင်အားအသုံးပြုမှု သို့မဟုတ် သုံးရန်ခြိမ်းခြောက်မှုအပေါ် နိုင်ငံတော်၏ တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းကို ကာကွယ်ရန်ဖြစ်စေ - စစ်မှန်သော နှင့် လက်တွေ့ပြသနိုင်သည့် အကျိုးဆက်ရှိသော ရည်ရွယ်ချက်၊ ဦးတည်ချက်အကြောင်းရင်းတစ်ခုခုအတွက်မဟုတ်လျှင် တရားဝင်ခိုင်လုံ မှုမရှိပါ။[3]

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေသည် နိုင်ငံတော်လုံခြုံရေးနှင့် အများပြည်သူအေးချမ်းရေး/ငြိမ်ဝပ်ပိပြားရေးအပေါ် လွတ်လပ်စွာပြောဆိုခွင့်ကန့်သတ်ချက်များအား အဓိက နည်းလမ်း ၃ ရပ်အားဖြင့် သင့်

[3] လန်ဒန်မြို့အခြေစိုက် အစိုးရမဟုတ်သောအဖွဲ့မှ ကျွမ်းကျင်သူအုပ်စုတစ်ဖွဲ့က ရေးသားပြင်ဆင်သည့် အပိုဒ် ၁၉၊၁၉၉၅ အောက်တိုဘာ ၁ ရက်တွင် လက်ခံကျင့်သုံးခဲ့၊ အခြေခံမူ ၂(က)။
https://www.article19.org/data/files/medialibrary/1803/joburg-principles.pdf.

တော်သည့် ဘောင်အတွင်း ကန့်သတ်နိုင်ရန် ထိန်းကွပ်ပြဋ္ဌာန်းပေးထားသည်။ ပထမဦးစွာ - "ဥပဒေဖြင့် ရေးသားပြဋ္ဌာန်းထားရမည်" ဟူသည့် လိုအပ်ချက်အပိုင်းနှင့်အညီ သက်ဆိုင်ရာသဘောတရားများအား ရှင်းလင်းစွာနှင့် တိကျစွာ အဓိပ္ပာယ်ဖွင့်ဆိုခိုင်းထားသည်။ ဥပဒေပြုသူများအနေဖြင့် ဥပဒေကိုအလွဲသုံး စားပြုရန်အတွက် ကျယ်ပြန့်စွာနှင့် တိကျရေရာမှုမရှိစွာ ဖွင့်ဆိုထားသည့် ပြဋ္ဌာန်းချက်များကို မှီခိုအား ထားလေ့ရှိသဖြင့် ၎င်းအချက်သည် နိုင်ငံတော်လုံခြုံရေးနှင့်ဆိုင်သည့် နယ်ပယ်အတွက် အထူးအရေး ကြီးသည်။

"နိုင်ငံတော်လုံခြုံရေး"၊ "အစွန်းရောက်မှု" နှင့် "အမုန်းတရားလှုံ့ဆော်မှု" ဟူသော စကားလုံးများကို ရှင်း လင်းစွာနှင့် တိကျစွာအဓိပ္ပာယ်ဖွင့်ဆိုသင့်ပြီး၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ရန်အ တွက် "သတင်းအချက်အလက်လုံခြုံရေး" နှင့် "ယဉ်ကျေးမှု လုံခြုံရေး" စသည့် အလိုအလျောက် တိကျ ရေရာမှုမရှိသော အသုံးအနှုန်းများကို လုံးဝအသုံးမပြုသင့်ပါ။[4]

ဒုတိယအနေဖြင့်- လုံခြုံရေးကို အားနည်းထိခိုက်အောင်ရည်ရွယ်ချက်ဖြင့် ပြုမူကျူးလွန်သည့် လူပုဂ္ဂိုလ် များအား နိုင်ငံတော်လုံခြုံရေးအကြောင်းရင်းများပေါ်အခြေခံ၍သာ ပြစ်ဒဏ်ပေးနိုင်သည်ဖြစ်သည်။ ၎င်း သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အတွက် သင့်တော်သည့်အကာအကွယ်ပေးရုံသာမကပဲ၊ ရှိရန် လိုအပ်သည့်ရည်ရွယ်ချက်ဖြင့် ကျူးလွန်သည့်ပြစ်မှုအတွက်ကိုသာ ပြစ်ဒဏ်ချမှတ်ရမည်ဟူသည့် ဥပ ဒေလုပ်ထုံးလုပ်နည်း (due process) နှင့်အညီစီရင်ဆောင်ရွက်ရန် အခြေခံအာမခံချက်နှင့်လည်း ကိုက် ညီသည်။

တတိယနှင့် အရေးအကြီးဆုံးတစ်ခုအနေဖြင့် - ရေးသား/ပြောဆိုသည့်စကားနှင့် နိုင်ငံတော်လုံခြုံရေး သို့ မဟုတ် အများပြည်သူအေးချမ်းရေးအပေါ်အန္တရာယ်ရှိမှု တို့အကြား အလွန် နီးစပ်သည့်ဆက်နွယ်မှုရှိရန် လိုအပ်သည်။ ယင်းလိုအပ်ချက်နှင့်မပြည့်မီပါက အာဏာပိုင်များအနေဖြင့် ထုတ်ဖော်ပြောဆိုမှု၏ ကျယ် ပြန့်သောအပိုင်းတို့နှင့် စပ်လျဉ်း၍ အန္တရာယ်ရှိနိုင်ကြောင်းဆိုကာ အဆိုပါ အကြောင်းအရာပြဋ္ဌာန်းချက် မျိုးကိုအလွဲသုံးစားပြုနိုင်သည့် အန္တရာယ်ပိုရှိသည်။ ယင်းဆက်နွယ်မှုရှိရန်လိုအပ်ချက်ကို *နိုင်ငံတော်လုံ ခြုံရေး၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရပိုင်ခွင့်ဆိုင်ရာ ဂျိုဟန္နတ်စ်ဘာ့ဂ် အခြေခံမူများ (Johannesburg Principles on National Security, Freedom of Expression and Access to Information)* ၏ အခြေခံမူ-၆ တွင်ထင်ဟပ်ထားပြီး အောက်ပါအတိုင်းဖော်ပြထားသည်-

---

[4] လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်မြှင့်တင်ရေးဆိုင်ရာ အထူးအစီရင်ခံပုဂ္ဂိုလ်များ၊ ၂၀၁၈ ခုနှစ် ဒီဂျစ်တယ်ခေတ်တွင် မီဒီယာ အမှီသဟဲကင်းလွတ်လပ်မှုနှင့် စုံလင်ကွဲပြားမှုဆိုင်ရာ ပူးပေါင်းကြေညာချက်၊ ၂၀၁၈ ခုနှစ် မေလ ၂ ရက်၊ အပိုဒ် ၃(စ)။ https://www.ohchr.org/Documents/Issues/Opinion/JointDeclaration2May2018_EN.pdf.

[တားမြစ်ချက်များကို နောက်ထပ် ကန့်သတ်သည့်] အခြေခံမူ ၁၅ နှင့် ၁၆ တို့အရ အစိုးရတစ်ရပ်အနေဖြင့် အောက်ပါတို့ကို လက်တွေ့သက်သေပြသနိုင်မှသာ နိုင်ငံတော်လုံခြုံရေးအပေါ် ခြိမ်းခြောက်မှုအဖြစ် ထုတ်ဖော်ပြောဆိုချက်တစ်ရပ်အပေါ် ပြစ်ဒဏ်ချမှတ်နိုင်သည်-

...

(ခ) ၎င်းသည် ယင်းသို့သောအကြမ်းဖက်မှုမျိုးကို လှုံ့ဆော်ရန်အလားအလာရှိပြီး၊

(ဂ) ထုတ်ဖော်ပြောဆိုမှု နှင့် ယင်းသို့အကြမ်းဖက်မှုဖြစ်ပေါ် နိုင်ချေ သို့မဟုတ် ဖြစ်ပေါ်မှုတို့အကြား တိုက်ရိုက်ဖြစ်သောနှင့် လက်ငင်းဖြစ်သော ဆက်နွှယ်မှုရှိသည်။

ချွင်းချက်အခြေအနေရပ်များတွင် နိုင်ငံများအနေဖြင့် နိုင်ငံတော်အရေးပေါ်အခြေအနေများတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဆိုင်းငံ့နိုင်သည်။ သို့သော်လည်း "အခြေအနေ၏ အရေးပေါ်လိုအပ်ချက်အရ လုံးဝ လိုအပ်မှ" သာလျှင် ယင်းသို့ဆိုင်းငံ့နိုင်ပြီး၊ ဆိုင်းငံ့မှုသည် ခွဲခြားဆက်ဆံမှုဆန်ခြင်း သို့မဟုတ် နိုင်ငံတော်၏ အခြား နိုင်ငံတကာဥပဒေလိုက်နာရန်တာဝန်ရှိမှုများနှင့် မကိုက်ညီခြင်း တို့မဖြစ်ရပါ။[5]

## ၂.၁.၃ ညစ်ညမ်းရုပ်ပုံ/စာပေ/မီဒီယာများ (Obscenity)

နိုင်ငံအများစုတို့သည် ညစ်ညမ်းသည်ဟုသတ်မှတ်သော ရုပ်ပုံစာပေ/မီဒီယာ/ပစ္စည်းများ ဖြန့်ဝေခြင်းအပေါ် ကန့်သတ်တားမြစ်ချက်တစ်မျိုးမျိုးချမှတ်ထားလေ့ရှိသည်။ ၎င်းတွင်- ညစ်ညမ်းရုပ်ပုံ/စာပေ/မီဒီယာထုတ်ဝေသူများအနေဖြင့် ကလေးများ၎င်းတို့၏ စာပေမီဒီယာပစ္စည်းများအားမကြည့်ရှုနိုင်ကြောင်း သေချာစေမည့်နည်းလမ်းဖြင့်သာ ပြသရန် - စသဖြင့် ယင်းသို့သော စာပေမီဒီယာပစ္စည်း များအား အသက်မပြည့်သေးသည့်လူငယ်များရယူလက်လှမ်းမီနိုင်ခြင်းမရှိအောင် ဟန့်တားရန် ချမှတ်ဖော်ဆောင်ထားသည့် တားမြစ်ချက်များ ပါဝင်နိုင်သည်။

နိုင်ငံအများစုတို့တွင် တိကျသည့် ညစ်ညမ်းရုပ်ပုံစာပေပစ္စည်း အမျိုးအစားများအား လုံးလုံးလျားလျား တားမြစ်ပိတ်ပင်ထားသည်။ ဥပမာ - ကလေးသူငယ်ညစ်ညမ်းရုပ်ပုံစာပေသည် အမြဲတမ်း တရားမဝင်သည့်အရာဖြစ်သော်လည်း၊ နိုင်ငံအများစုတို့သည် ၎င်းတားမြစ်ချက်ထက်ကျော်လွန်၍ အခြားသော ညစ်ညမ်းရုပ်ပုံစာပေအမျိုးအစားများကိုပါ ကန့်သတ်ထားခြင်းမျိုးရှိသည်။ ဤတွင်လည်း စိန်ခေါ်မှုမှာ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သင့်လျော်သော ချိန်ခွင်လျှာမည်သို့ထိန်းညှိလုပ်ဆောင်မည်ဟူသည့်အချက်ပင်ဖြစ်သည်။ ညစ်ညမ်းရုပ်ပုံစာပေများသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအောက် အကာအကွယ်ပိုပေးထားသည့် နိုင်ငံရေးဆိုင်ရာထုတ်ဖော်ပြောဆိုချက်များ မဟုတ်လေ့ဖြစ်သဖြင့်နှင့် ညစ်

[5] ICCPR, မှတ်စု ၂၊အပိုဒ် ၄(၁)။

ညမ်းရုပ်ပုံစာပေအကြောင်းအရာနှင့်စပ်လျဉ်းပြီး လူမှုအသိုင်းအဝိုင်းအမျိုးမျိုးတို့တွင် မတူကွဲပြားသော စံတန်ဖိုးများရှိသည်ဖြစ်သဖြင့်- နိုင်ငံများအနေဖြင့် တိကျသည့် ညစ်ညမ်းရုပ်ပုံစာပေများအား တားမြစ်ကန့်သတ်ရာတွင် မည်မျှအတိုင်းအတာအထိ တာသွားမည်ဟူသည့်အပေါ် လွတ်လပ်စွာဆုံးဖြတ်နိုင်ခွင့်ရှိနေသည်။ သို့သော်လည်း ညစ်ညမ်းရုပ်ပုံစာပေများအား တားမြစ်ကန့်သတ်ရာတွင် နိုင်ငံများအနေဖြင့် မည်သည့် အတိုင်းအတာအထိ တရားဝင်ခိုင်လုံမှုရှိရှိ လုပ်ဆောင်နိုင်သည့်အပိုင်းတွင် အကန့်အသတ်များရှိပြီး၊ လူမှုအသိုင်းအဝိုင်းအတွင်း လိင်ပိုင်းဆိုင်ရာနှင့်ပတ်သက်ပြီးအရှက်အကြောက်ကြီးမားသူများ၏ စိတ်နေသဘောထားများအလိုက် လူတိုင်းအပေါ် ညစ်ညမ်းရုပ်ပုံစာပေနှင့်ပတ်သက်၍တားမြစ်ကန့်သတ်ခြင်းမှာ တရားဝင်ခိုင်လုံမှုမရှိပါ။ လက်တွေ့တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် - အံ့အားသင့်စေသော၊ စိတ်အနှောင့်အယှက်ဖြစ်စေသောအပြင် ကျယ်ကျယ်ပြန့်ပြန့်အများကလက်ခံထားသော သတင်းအချက်အလက်များနှင့် တွေးခေါ်ယူဆချက်များထက်ပို၍ တာသွားပြီး၊ မူအားဖြင့် ၎င်းသည် အချို့သူများအတွက် စိတ်အနှောင့်အယှက်ဖြစ်စေနိုင်သည့် တိကျသော လိင်အသားပေး စာပေရုပ်ပုံမီဒီယာများကို ကာကွယ်ပေးခြင်းဖြစ်သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီက ၎င်း၏ ၂၀၁၁ ခုနှစ် အထွေထွေသဘောထားမှတ်ချက် အမှတ် ၃၄ တွင်ပါရှိသော ယင်းသို့တားမြစ်ကန့်သတ်ချက်များ၏ နယ်ပယ်အတိုင်းအဆအပေါ် အရေးကြီးသည့် မှတ်ချက်တစ်ခုပေးခဲ့သည်။

> အထွေထွေသဘောထားမှတ်ချက်အမှတ် ၂၂ တွင်- “ကိုယ်ကျင့်တရားဟူသည့် သဘောတရားသည် အမျိုးမျိုးသော လူမှုရေး၊ ဒဿနနှင့် ဘာသာရေး မိရိုးဖလာဓလေ့ထုံးတမ်း အမြောက်အများတို့မှ ဆင်းသက်လာသည့် အရာဖြစ်ပြီး၊ တစ်ဆက်တည်းတွင်....ကိုယ်ကျင့်တရားများအား ကာကွယ်ရန် ဦးတည်ချက်ဖြင့် တားမြစ်ကန့်သတ်ခြင်းကို ဓလေ့ထုံးတမ်းတစ်ရပ်တည်းမှ တိကျစွာဆင်းသက်လာခြင်းမဟုတ်သည့် အခြေခံမူများအပေါ် အခြေခံရမည်ဖြစ်သည့်” အကြောင်း ကော်မတီမှ တွေ့ရှိရသည်။ ယင်းသို့သော မည်သည့် ကန့်သတ်ချက်မျိုးမဆိုတို့ကို- လူ့အခွင့်အရေးများ၏ အားလုံးအတွက်ဖြစ်မှု (universality) နှင့် ခွဲခြားမဆက်ဆံရေး (non-discrimination) အခြေခံမူ ရှုထောင့်များဖြင့် နားလည်သဘောပေါက် လုပ်ဆောင်ရမည်ဖြစ်သည်။[6]

### ၂.၁.၄ တရားစီရင်ရေးကို အကာအကွယ်ပေးခြင်း

နိုင်ငံအမြောက်အများတို့တွင် တရားရေးလုပ်ငန်းစဉ်၏ သမာသမတ်ကျမှုကို ကာကွယ်ရန် ရှေးရှုသောအားဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် တားမြစ်ကန့်သတ်သည့် ပြစ်မှုဆိုင်ရာရာဇဝတ်မှု ဥပ

[6] အပိုဒ် ၁၉-လွတ်လပ်စွာတွေးခေါ်ယူဆပိုင်ခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်၊ အထွေထွေသဘောထားမှတ်ချက်အမှတ် ၃၄။ ၂၀၁၁ စက်တင်ဘာ ၁၂။ CCPR/G/GC/34, စာပိုဒ် ၃၂, http://undocs.org/ccpr/c/gc/34.

ဒေများရှိသည်။ ယင်းဥပဒေများတွင် ရည်ရွယ်ချက် ၂ ရပ်တို့ရှိပြီး၊ တရားရေးစီမံခန့်ခွဲမှုပိုင်းသည် မျှတမှုရှိပြီး၊ အခက်အခဲအဟန့်အတားမရှိပဲ လုပ်ငန်းလည်ပတ်နိုင်ကြောင်းသေချာစေရန်နှင့်၊ တရားသူကြီးများနှင့်/သို့မဟုတ် တရားစီရင်ရေးပိုင်း၏ ဂုဏ်သိက္ခာကို ကာကွယ်ရန် တို့ဖြစ်သည်။ ရှေ့တစ်မျိုးဖြစ်သည့် တရားရေးစီမံခန့်ခွဲမှုနှင့် လုပ်ငန်းပိုင်း အမျိုးအစားအောက်တွင် - မျက်မြင်သက်သေများအား ခြိမ်းခြောက်ခြင်း သို့မဟုတ် ဘက်လိုက်ခြင်းကို တားမြစ်သည့် ဥပဒေများ၊ လိမ်လည်လှည့်ဖြားမှုကိုတားမြစ်သည့် ဥပဒေများ နှင့် တရားရုံးအမှုစီရင်ကြားနာမှုများအပေါ် နှောင့်ယှက်မှုများအား တားမြစ်သည့် ဥပဒေများ စသည်တို့ကို တွေ့နိုင်သည်။ စနစ်တကျ စာစီပြဋ္ဌာန်းခြင်းဖြစ်ပါက ယင်း အကြောင်းအရာများသည် တရားဝင်ခိုင်လုံသော ကန့်သတ်ချက်များဖြစ်နိုင်သည်။

အငြင်းပွားမှုပိုဖြစ်စေသည့် အမျိုးအစားမှာ - တရားစီရင်ရေးပိုင်းအပေါ် ဝေဖန်မှုများမရှိအောင် ကာကွယ်ရန် ရေးဆွဲပြဋ္ဌာန်းထားသည့် ဥပဒေများဖြစ်သည်။ လွန်ခဲ့သော အတိတ်ကာလတွင် ယင်းသို့သော ဥပဒေများကို - နိုင်ငံသားများအနေဖြင့် လူမှုအသိုင်းအဝိုင်းအတွင်း အငြင်းပွားမှုများ၏ နောက်ဆုံး အကဲဖြတ်သူများအဖြစ် ၎င်းတို့၏ အခန်းကဏ္ဍကို လက်ခံပြီး၊ တရားစီရင်ရေးအပေါ် လေးစားမှုရှိကြောင်း သေချာစေရန်ဟူသည့်အကြောင်းပြချက်ဖြင့် ပြဋ္ဌာန်းထားခဲ့ခြင်းမျိုးရှိသည်။ သို့သော်လည်း လတ်တလောတွင် နိုင်ငံအမြောက်အများတို့သည် တရားရေးအပေါ် ထုတ်ဖော်ပြောဆိုမှုများအား ဟန့်တားကာကွယ်ရန် မလိုအပ်ကြောင်း တွေ့ရှိထားကြသည်။ တရားစီရင်ရေးကဏ္ဍနှင့် ၎င်းတွင်ပါဝင်နေသည့်တရားရေးအဖွဲ့ဝင်များကို၊ အခြားအများပြည်သူဌာနဆိုင်ရာများနှင့် အများပြည်သူအာဏာပိုင်များကဲ့သို့ပင် ဝေဖန်ခံရမှု၊ သဘောထားမှတ်ချက်ပေးခံရမှုများမှ ကာကွယ်မပေးသင့်ပဲ ယင်းသို့ဝေဖန်ခွင့်ပေးခြင်းသည် တာဝန်ယူမှု/တာဝန်ခံမှု အတွက်လည်း အရေးကြီးသည့်အရာဖြစ်သည်။ သို့သော်လည်း တရားသူကြီးများအနေဖြင့် အသရေဖျက်မှုအတွက် အကြောင်းချင်းရာခိုင်လုံသောအမှုများအား လျှောက်ထားပိုင်ခွင့် အခွင့်အရေးရှိသည်။

### ၂.၁.၅ ဘာသာရေး ထိပါးစော်ကားမှုဆိုင်ရာ ဥပဒေများ

နိုင်ငံအမြောက်အများတို့တွင် ဘာသာရေးအပေါ် ဝေဖန်တိုက်ခိုက်မှုများ၊ ဘာသာရေးစာအုပ်စာပေများ စသည်တို့ကို ကာကွယ်ပေးသည့် ဘာသာရေး ထိပါးစော်ကားမှုဆိုင်ရာ ဥပဒေများ ဆက်လက်ရှိနေဆဲဖြစ်သော်လည်း ၎င်းတို့သည် လွတ်လပ်စွာပြောဆိုခွင့်ရှုထောင့်မှကြည့်လျှင် ပြဿနာရှိနေသည်။ နိုင်ငံအမြောက်အများတို့တွင် ယင်းဥပဒေများသည် အဓိက ကိုးကွယ်ရာဘာသာတစ်မျိုးမျိုးကိုသာ အကာအကွယ်ပေးထားပြီး ခွဲခြားဆက်ဆံမှုဆန်သည်။ ယင်းဥပဒေများအားလုံးသည် ဘာသာမဲ့ ဟုတ်သူများရော မဟုတ်သူများအပေါ်ကိုပါ ခွဲခြားဆက်ဆံနေပြီး ဘာသာရေးလူနည်းစုများ၊ အမြင်မတူသည့် ကိုးကွယ်ယုံ

ကြည်သူများ၊ ဘာသာမဲ့များနှင့် ဘာသာမဲ့မဟုတ်သူများတို့အား ဖိနှိပ်ရန်အတွက် အသုံးပြုလေ့ရှိသည်။ ICCPR ၏ "စာပိုဒ် ၂၊ အပိုဒ် ၂၀ တွင်ပြဋ္ဌာန်းထားသော အခြေအနေအချိန်အခါရပ်များ" တိတိကျကျရှိသည့် အနေအထားမျိုးတွင်သာ ဘာသာရေးထိပါးစော်ကားမှုဥပဒေများသည် တရားဝင်ခိုင်လုံကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီက ဖော်ပြထားပြီး၊ ယင်းအပိုဒ်သည် အမုန်းစကားအကြောင်းပါဝင်ကာ ဘာသာရေးတွေးခေါ်ယူဆချက်ထက် ကိုးကွယ်ယုံကြည်သူများ၏အခွင့်အရေးကို အကာအကွယ်ပေးထားခြင်းဖြစ်သည်။ တိကျသည့် ကိုးကွယ်ယုံကြည်မှုစနစ်တစ်ခုခုကို ပို၍မျက်နှာသာပေးကာဖြစ်စေ၊ ဆန့်ကျင်၍ဖြစ်စေ ခွဲခြားဆက်ဆံသည့် (သို့မဟုတ်) "ဘာသာရေးခေါင်းဆောင်များအား ဝေဖန်မှုများအပေါ် (သို့မဟုတ်) သာသာရေးဆိုဆုံးမမှုများ သို့မဟုတ် ကိုးကွယ်ယုံကြည်မှုတစ်ခု၏ မူများစသည်တို့အား သဘောထားမှတ်ချက်ပေးဝေဖန်မှုများအပေါ် ဟန့်တားသည့် သို့မဟုတ် အပြစ်ပေးသည့်" မည်သည့်ဘာသာရေးထိပါးစော်ကားမှုဆိုင်ရာဥပဒေမဆိုတို့၏ တရားမဝင်မှုကိုလည်း ကော်မတီက မီးမောင်းထိုးပြထားပြီးဖြစ်သည်။[7] လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အကောင်းဆုံးအကာအကွယ်ပေးရန်မှာ- ဘာသာရေးထိပါးစော်ကားမှုဆိုင်ရာဥပဒေများကို ပြည့်စုံကုံလုံအောင်ပြင်ဆင်သင့်ပြီး၊ နိုင်ငံများအနေဖြင့် ကောင်းမွန်စွာရေးဆွဲထားသည့် အမုန်းစကားဥပဒေများအပေါ်တွင်သာ အားထားလုပ်ဆောင်သင့်သည်။

## ၂.၁.၆ သတင်းမှား ဥပဒေများ

အန္တရာယ်တစ်မျိုးမျိုး တို့ကိုဖြစ်ပေါ်စေနိုင်သည့် မှားယွင်းသောပြောဆိုမှုများ - ဥပမာ၊ တရားရေးစီမံအုပ်ချုပ်မှု (လိမ်လည်လှည့်ဖြားထားသည့် အကြောင်းအရာမျိုးတွင်)၊ ဂုဏ်သိက္ခာကျော်စောမှုများ (အသရေဖျက်မှုအကြောင်းအရာမျိုးတွင်) သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာသမာသမတ်ကျမှု (ရွေးကောက်ပွဲ ကာလများအတွင်း မဲပေးသည့်လုပ်ငန်းစဉ်အကြောင်း သတင်းအမှားများအတွက် ကောင်းမွန်စွာရေးဆွဲ ပြဋ္ဌာန်းထားသည့် တားမြစ်ချက်များ) - စသည်တို့ကိုသာ ပစ်မှတ်ထားရမည့်အစား အချို့နိုင်ငံများသည် မှားယွင်းသည့် ရေးသားဖော်ပြချက် (false statement) များအား ဖြန့်ဝေခြင်းကိုလည်း ရာဇဝတ်မှုပြစ်ဒဏ်ချမှတ်ထားသည်။ ယင်းသို့သော အထွေထွေ တားမြစ်ချက်များသည် တရားဝင်ခိုင်လုံမှုမရှိပါ (အောက်တွင်ကြည့်ပါ)။ ထို့အပြင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် တားမြစ်ချက်စံနှုန်းပြည့်မှီရန်မှာ မှားယွင်းစွာရေးသားဖော်ပြချက်များအပေါ်တားမြစ်ချက်တစ်ရပ်သည် - ပြစ်မှုဆိုင်ရာ ရာဇဝတ်မှုသဘောသဘာဝရှိပါက - သင့်လျော်သည့် ရည်ရွယ်ချက်ဖြင့်ရေးသားဖော်ပြခြင်းဖြစ်ရန် လိုအပ်သည်။ ယင်းလိုအပ်ချက်နှင့်မပြည့်မှီပါက ၎င်းတို့ကိုယ်တိုင် သတင်းအမှားများ ဝေမျှနေမိမှန်းမသိသည့်သူများ

---

[7] ၎င်းတွင် *Ibid.*, စာပိုဒ် ၅၁။

သို့မဟုတ် အချက်အလက်စစ်ဆေးရာတွင်စေ့စပ်လုပ်ဆောင်နိုင်စွမ်းအကန့်အသတ်ရှိသည့်သူများအပေါ် ပြင်းထန်သည့် ပြစ်ဒဏ်များကျခံရစေနိုင်သည့် အန္တရာယ်ရှိပြီး ၎င်းသည် 'အချိုးကျ' မှုမရှိကြောင်း မြင်သာပေသည် (ထို့အပြင် ၎င်းသည် အပြစ်ကင်းကြောင်းယူဆခံပိုင်ခွင့်နှင့်စပ်လျဉ်းသည့် စံချိန်စံနှုန်းများနှင့်လည်း မကိုက်ညီပါ)။

မှန်ကန်တိကျစွာသတင်းရေးသားတင်ဆက်ခြင်းသည် စာနယ်ဇင်းသမားများအတွက် အရေးကြီးသည့် ပညာရှင်ဆန်မှု ဂုဏ်အင်တစ်ခု မလွဲကေန်ဖြစ်သည်။ တစ်ချိန်တည်း၌ပင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား မမျှမတ တားမြစ်ကန့်သတ်သည့် 'သတင်းမှားဆိုင်ရာ ခြုံငုံပြဋ္ဌာန်းချက်များ' သည် လွန်စွာ ပြဿနာရှိစေသည်။[8] ၎င်းပြဋ္ဌာန်းချက်များသည် အများပြည်သူအကျိုးစီးပွားကိစ္စများတွင် အချိန်နှင့် တစ်ပြေးညီအစီရင်ခံရန် ပညာရပ်ပိုင်းဆိုင်ရာတာဝန်ရှိသည့် စာနယ်ဇင်းသမားများအတွက် ခြိမ်းခြောက်မှုရှိနေပြီး၊ 'ဖြစ်ရပ်မှန်အချက်အလက် (facts)' ၏ အမှန်/အမှားအခြေအနေအပေါ်အများကရှိနေသည့် အမြင်များကို မြှင့်တင်ရန်ဖြစ်စေ၊ ရေပန်းစားမှုမရှိသည့် အတွေးအမြင်များအား ထုတ်ဖော်ပြောဆိုခြင်းကို ကန့်သတ်ရန်ဖြစ်စေ ယင်းပြဋ္ဌာန်းချက်များကို အလွဲသုံးစားပြုနိုင်သည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အထူးအစီရင်ခံပုဂ္ဂိုလ်များက ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ၎င်းတို့၏ "လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် 'သတင်းတုများ'၊ သတင်းမှားများနှင့် ဝါဒဖြန့်ချိမှုများဆိုင်ရာ တွဲဖက်ကြေညာချက်" တွင် အောက်ပါအတိုင်းဖော်ပြထားသည်-

> "သတင်းတုများ" သို့မဟုတ် "ဓမ္မဓိဋ္ဌာန်မကျသည့် သတင်းအချက်အလက်များ" စသည်တို့အပါအဝင် တိကျရေရာမှုမရှိသည့် အယူအဆများအပေါ်အခြေခံပြီး သတင်းအချက်အလက်များအား ဖြန့်ဝေခြင်းအပေါ် အထွေထွေ တားမြစ်ချက်များသည်- အပိုဒ် ၁(က) တွင်ချမှတ်ထားသည့်အတိုင်း လွတ်လပ်စွာထတ်ုဖော်ပြောဆိုခွင့်အပေါ် တားမြစ်ကန့်သတ်ချက်များဆိုင်ရာ နိုင်ငံတကာ စံချိန်စံနှုန်းများနှင့် မကိုက်ညီပဲ၊ ၎င်းတို့ကို ဖျက်သိမ်းရမည်ဖြစ်သည်။[9]

နိုင်ငံများအနေဖြင့် သတင်းတုများ သို့မဟုတ် သတင်းမှားများအား တိုက်ဖျက်ရန်ရည်ရွယ်သည့် အဖွဲ့ (unit) များဖွဲ့စည်းတည်ထောင်သင့်ပြီး၊ ၎င်းတို့အတွက် လုံလောက်သော အမှီသဟဲကင်း လွတ်လပ်မှုကို အာမခံချက်ပေးကာ ၎င်းတို့၏လုပ်ပိုင်ခွင့်တာဝန် (mandate) များကို ရှင်းလင်းစွာ သတ်မှတ်သင့်သည်။

---

[8] ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၊ ကမ်မရွန်းအပေါ် အနှစ်ချုပ်တွေ့ရှိချက်များ၊ ကုလမှတ်တမ်းအမှတ် CCPR/C/79/Add. 116, ၁၉၉၉ နိုဝင်ဘာ၊ စာပိုဒ် ၂၄။

https://tbinternet.ohchr.org/_layouts/15/treatybodyexternal/Download.aspx?symbolno=CCPR%2FC%2F79%2FAdd.116.

[9] ၂၀၁၇ မတ်လတွင် ကျင့်သုံးသည်၊ စာပိုဒ် ၂(က)။ https://www.law-democracy.org/live/legal-work/standard-setting/.

ယင်းအဖွဲ့များအနေဖြင့် သတင်းတုနှင့် သတင်းမှားများအား တိုက်ဖျက်ခြင်းထက် တိကျသည့်သတင်းအချက်အလက်များဖြန့်ဝေခြင်းအပေါ် အသားပေးလုပ်ဆောင်ခြင်းက ပို၍ကောင်းမွန်သော်လည်း၊ ၎င်းတို့၏ လုပ်ပိုင်ခွင့်တာဝန်များသည် ယင်းထက်ကျော်လွန်၍ရှိနိုင်သည်၊ ဥပမာ- အန္တရာယ်ဖြစ်စေနိုင်သည့် တိကျသော သတင်းတု သို့မဟုတ် သတင်းမှားများ (ဥပမာ- ဆေးဘက်ဆိုင်ရာ သတင်းမှားများ စသည်) အား သတိပေးအညွှန်းများထိုး၍ ဖော်ပြပေးနိုင်အောင် ရှာဖွေဖော်ထုတ်ရန် အွန်လိုင်းပလက် ဖောင်းများနှင့်ချိတ်ဆက်လုပ်ဆောင်ခြင်း။ တိကျမှုမရှိသော သတင်းအချက်အလက်များအား အမှန်ပြန်လည်ပြင်ဆင်ရန် ယင်းအဖွဲ့အား ပေးမည့် မည်သည့် လုပ်ပိုင်ခွင့်တာဝန်မဆို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ကိုက်ညီမှုရှိကြောင်း (အခြေအနေအချိန်အခါရပ် တချို့တို့တွင်သာ ယင်းသို့ အမှန်ပြင်ဆင်ခွင့်ပြုရန်) သေချာအောင် တင်းကြပ်သည့် စည်းမျဉ်းဥပဒေသများ ချမှတ်ထားသင့်သည်။ ထို့အပြင် နိုင်ငံများသည် အချိန်တိုင်းတွင်- သတင်းတုများအား ဝါဒဖြန့်ချိခြင်းမှ ရှောင်ကြဉ်သင့်သည်။

## ၂.၂ တရားမ ဥပဒေများ

### ၂.၂.၁ အသရေဖျက်မှု

နိုင်ငံတိုင်းတွင် ဂုဏ်သိက္ခာ၊ ဂုဏ်သတင်းအပေါ် မလိုလားအပ်သော တိုက်ခိုက်မှုများမှ ဟန့်တားကာကွယ်ရန် ဥပဒေစနစ်အချို့ချမှတ်ထားပြီး၊ ၎င်းတို့ကို အသရေဖျက်မှုဆိုင်ရာ ဥပဒေများဟုလည်း အသိများကြသည်။ နိုင်ငံအမြောက်အများတို့က အသရေဖျက်မှုကို ပြစ်မှုဆိုင်ရာ ရာဇဝတ်မှုမြောက် အသရေဖျက်မှု ဥပဒေများဖြင့် ပို၍ ဆောင်ရွက်လာကြသည်။ အဓိကအားဖြင့် ဂုဏ်သိက္ခာများအပေါ်ကာကွယ်ပေးရန် တရားမ ဆိုင်ရာ အသရေဖျက်မှုဥပဒေများက လုံလောက်မှုရှိသဖြင့်၊ ရာဇဝတ်မှုဆိုင်ရာ အသရေဖျက်မှုဥပဒေများဖြင့်ဆောင်ရွက်ရန် မလိုအပ်ပါ။

ရာဇဝတ်မှုမြောက် အသရေဖျက်မှုသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား ချိုးဖောက်ရာရောက်ကြောင်း နိုင်ငံတကာ အာဏာပိုင်အချို့တို့က ဆိုထားသည်။ ဥပမာ- ၂၀၀၂ ခုနှစ် တွဲဖက်ကြေညာချက်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အထူး နိုင်ငံတကာ မန်းဒိတ်များက "ပြစ်မှုဆိုင်ရာ ရာဇဝတ်မှုမြောက် အသရေဖျက်မှုသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ကျိုးကြောင်းခိုင်လုံသည့် တားမြစ်ကန့်သတ်ချက်မဟုတ်ပဲ၊ ရာဇဝတ်မှုမြောက် အသရေဖျက်မှုဆိုင်ရာ ဥပဒေများအားလုံးကို ဖျက်သိမ်း၊ ပြင်ဆင်သင့်ပြီး၊ လိုအပ်ပါက တရားမမှု အသရေဖျက်မှု ဥပဒေများဖြင့် အစားထိုးသင့်သည်" ဟု

ပြဌာန်းထားသည်။[10] နိုင်ငံများအနေဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အပြည့်အဝ အာမခံချက်ပေးရန် အနည်းဆုံးအနေဖြင့် အသရေဖျက်မှုကို ပြစ်ဒဏ်ချမှတ်သင့်သော်လည်း အသရေဖျက်မှုဆိုင်ရာ ဥပဒေစည်းမျဉ်းများသည် ထောင်ဒဏ်ချမှတ်ရန်ခွင့်မပြုသင့်ပဲ၊ ချမှတ်သည့် ငွေဒဏ်များ သို့မဟုတ် ပေးဆပ်စေမှုများသည်လည်း သဘောသဘာဝအရ အလွန်အကျွံမဖြစ်သင့်ပေ။

အသရေဖျက်မှုဆိုင်ရာ ဥပဒေများသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ခိုင်လုံသောကန့်သတ်ချက်များဖြစ်ရန်မှာ စံချိန်စံနှုန်းအချို့တို့အား လေးစားလိုက်နာရမည်ဖြစ်သည်။ ပထမဦးစွာ - ယင်းဥပဒေများသည် အမှန်တကယ် ဂုဏ်သိက္ခာများ အပေါ် အကာအကွယ်ပေးသင့်ပြီး၊ တစ်သီးပုဂ္ဂလများ သို့မဟုတ် အသင်းအဖွဲ့ဌာနများအား တရားစွဲပိုင်ခွင့် နှင့် တရားစွဲခံပိုင်ခွင့်ပေးကာ၊ အရာဝတ္ထုပစ္စည်းများ - နိုင်ငံတော် သို့မဟုတ် ဘာသာရေး သင်္ကေတများ၊ အလံများ သို့မဟုတ် နိုင်ငံတော် အမှတ်တံဆိပ်များ စသည် - တို့ကိုဖြစ်စေ၊ အများပြည်သူ ဌာနဆိုင်ရာအဖွဲ့များကိုဖြစ်စေ အကာအကွယ်ပေးရန် အသုံးမပြုသင့်ပါ။

အသရေဖျက်မှုဖြင့်စွပ်စွဲခံရမှုအတွက် စွပ်စွဲထားသည့် ရေးသားဖော်ပြချက်သည် - မှန်ကန်ကြောင်း၊ ၎င်းသည် အတွေးအမြင်တစ်ခုဖြစ်ကြောင်း သို့မဟုတ် ယင်းသို့ ရေးသားဖော်ပြမှုသည် နောက်ဆုံးတွင် မတိကျကြောင်းသက်သေပြနိုင်သည့်တိုင်အောင် ယင်းသို့ရေးသားဖော်ပြရန် အခြေအနေအချိန်အခါရပ် အားလုံးတို့အောက် အကျိုးအကြောင်းရှိကြောင်း - စသည်တို့အပါအဝင် အမျိုးမျိုးသော ခုခံချေပမှု (defence) များရရှိရမည်ဖြစ်သည်။ ဥပဒေပြုရေးအဖွဲ့များ သို့မဟုတ် တရားရုံးများရှေ့မှောက် တရားစီရင်စဉ်တစ်လျှောက်ပြောဆိုလာသည့် လျှောက်ထားချက်များနှင့်၊ ယင်းလျှောက်ထားချက်များအပေါ် မျှတသော နှင့် တိကျသော သတင်းတင်ပြမှုများအပြင်၊ တရားရေးဆိုင်ရာ၊ ကိုယ်ကျင့်တရားဆိုင်ရာ သို့မဟုတ် လူမှုရေးရာ တာဝန်ဝတ္တရား သို့မဟုတ် အကျိုးစီးပွား လုပ်ဆောင်ချက်အပေါ် သဘောရိုးဖြင့် ပြောဆိုဖော်ပြမှုများကိုလည်း အကာအကွယ်ပေးသင့်သည်။

အများပြည်သူအကျိုးစီးပွားကိစ္စရပ်များအပေါ် လွတ်လပ်စွာ နှင့် ပွင့်လင်းစွာ ဆွေးနွေးငြင်းခုန်နိုင်မှု၏ အရေးပါမှုကို ထောက်ထားသောအားဖြင့် အများပြည်သူ အာဏာပိုင်များအပေါ် ဝေဖန်မှုများအား အကာအကွယ်ပေးမှုသည် အခြားသူများနှင့်စာလျှင် လျော့၍ရှိသင့်ပြီး၊ ၎င်းအချက်ကိုလည်း မည်သည့် အသရေဖျက်မှုဥပဒေမဆို ပြဌာန်းကျင့်သုံးရာတွင် ထင်ဟပ်သင့်သည်။ ရည်ရွယ်ချက်ရှိရှိ ထိပါး စော်ကားခြင်း သို့မဟုတ် 'တော်ဝင်အသရေဖျက်မှုဥပဒေ' ခေါ် (*'lèse majesté'*) ဥပဒေများသည် လူ့အခွင့်အရေး

[10] ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၁၀ တွင် လက်ခံကျင့်သုံးသည်။ https://www.osce.org/files/f/documents/8/f/39838.pdf.

ရှုထောင့်မှကြည့်လျှင် အထူး ပြဿနာရှိပြီး ယင်းသို့သော ဥပဒေမျိုးတည်ရှိနေပါက အမြဲ ပြင်ဆင်သင့်သည့်အရာဖြစ်သည်။

နောက်ဆုံးအနေဖြင့်- အသရေဖျက်မှုအတွက် ကုစားမှုများသည် ထိခိုက်သွားမှုများအား ပြန်ပြင်ပေးရန် ဦးတည်သင့်ပြီး၊ အသရေဖျက်သည့်ရေးသားဖော်ပြမှုကျူးလွန်ခဲ့သူအပေါ် အပြစ်ပေးရန် မဖြစ်သင့်ပါ။ အမှန်ပြင်ဆင်ခွင့် (right of correction) သို့မဟုတ် တုံ့ပြန်ပိုင်ခွင့် (right of reply) စသည့်- ငွေကြေးပိုင်းဆိုင်ရာမပါသော ကုစားချက်များကို ဦး စားပေးသင့်ပြီး၊ မည်သည့် ငွေကြေးဆိုင်ရာကုစားမှုမျိုး မဆိုတို့သည် အသရေဖျက်မှုကြောင့် ထိခိုက်သွားသည့်အရာနှင့် အချိုးကျကျ ဖြစ်သင့်သည်။ အထူးသဖြင့် ပြစ်မှုကျူးလွန်၍ထပ်ဆင့်ပေးလျော်ရမှု (punitive damage) မရှိတန်ကြောင်း အထောက်အထားအရ ထင်ရှားသည့် တရားစီရင်မှုမျိုးတွင် ငွေကြေးဆိုင်ရာ ပေးလျော်မှုများ (monetary damage) အပေါ် ထပ်လောင်းလျော်ကြေးပေးဆောင်စေခြင်းမျိုးကို စဉ်းစားသင့်သည်။

## ၂.၂.၂ ပုဂ္ဂိုလ်ရေးရာ လုံခြုံမှု (Privacy)

နိုင်ငံ အများစုတို့တွင် အသရေဖျက်မှုကိုအကာအကွယ်ပေးသည့်အတိုင်း ပုဂ္ဂိုလ်ရေးရာလုံခြုံမှုကိုလည်း အကာအကွယ်ပေးသည့် တရားမ ဥပဒေများ ရှိကြသည်။ ယင်းဥပဒေများသည် - သင့်တော်စွာ ကန့်သတ်ပြဋ္ဌာန်းထားပြီး အလွဲသုံးစားပြုခြင်းမှ လုံလောက်သော အကာအကွယ်ပေးထားသည် ဖြစ်သ၍ - ပုဂ္ဂိုလ်ရေးရာလုံခြုံပိုင်ခွင့်အားအကာအကွယ်ပေးရန် တရားဝင်ခိုင်လုံသော၊ အမှန်တကယ်လိုအပ်သော ဥပဒေများဖြစ်သည်။ ဥပမာ- တရားမ မှုဖြင့်အရေးယူခံရနိုင်သည့် ပုဂ္ဂိုလ်ရေးရာအကျိုးစီးပွားအပေါ်ချိုးဖောက်မှုအမျိုးအစားလေးမျိုးတို့ကို 'လွှမ်းမိုးမှုရှိသည့် အမေရိကန်နိုင်ငံ ဥပဒေ သုံးသပ်မှု' အကြောင်း ဆောင်းပါးတစ်ခုတွင် ဖော်ပြထားသည်မှာ- အခြားသူတစ်ဦး၏ သီးသီးသန့်သန့်ဖြစ်တည်နေထိုင်မှုအပေါ် အကျိုးအကြောင်းမသင့်ပဲ စွက်ဖက်ကျူးကျော်ခြင်း၊ တစ်ဦးဦး၏အမည် သို့မဟုတ် အချက်အလက်အတုကို ကိုယ်ကျိုးအတွက်အသုံးပြုခြင်း၊ အခြားသူတစ်ဦးဦးအား အမြင်မှားအောင် ရေးသားထုတ်ဝေ/ထုတ်ပြန်ခြင်း နှင့်၊ တစ်ဦးဦး၏ ပုဂ္ဂိုလ်ရေးရာဘဝအပေါ် ကျိုးကြောင်းမသင့်စွာ ရေးသားထုတ်ဝေ/ထုတ်ပြန်ခြင်း- တို့ဖြစ်သည်။[11] ယင်းအမျိုးအစားများကို အမေရိကန်ပြည်ထောင်စုအတွင်းရှိ တရားဥပဒေစီ

[11] William L. Prosser, "ပုဂ္ဂိုလ်ရေးရာလုံခြုံမှု", (၁၉၆၀) 48 Cal. L. Rev. 383.

ရင်ထုံးအများစုတို့တစ်လျှောက် လက်ခံကျင့်သုံးနေပြီး၊ ကနေဒါနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့တွင်လည်း အလားတူလွှမ်းမိုးမှုရှိသည်ကို မျက်မြင်တွေ့နိုင်သည်။[12]

ယင်းဥပဒေများတွင် အဆိုပါဥပဒေများအားလွတ်လပ်စွာပြောဆိုခွင့်အပေါ် မမျှမတ ကန့်သတ်ရန်အတွက် အသုံးမပြုကြောင်း သေချာအောင် လုပ်ဆောင်ပေးရမည့် စိန်ခေါ်မှုနှစ်ရပ်ရှိသည်။ ပထမ ဦးစွာ - အခြေအနေအချိန်အခါရပ်အားလုံးတို့ကိုထည့်သွင်းစဉ်းစားပြီး လူပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ပုဂ္ဂိုလ်ရေးရာလုံခြုံရေးအတွက် ကျိုးကြောင်းစီလျော်သည့် မျှော်လင့်ချက်တစ်ရပ်ရပ်ရှိသည့်အခြေအနေမျိုး အပေါ်တွင်သာ ယင်းဥပဒေများကို အသုံးချရန် ကန့်သတ်ထားရမည်ဖြစ်သည်။ ဒုတိယအနေဖြင့် - ရေးသားထုတ်ပြန်ချက်တစ်ရပ်ကို ဖြန့်ဝေခြင်းအားဖြင့် အများပြည်သူအကျိုးစီးပွားကို ခြုံငုံ၍ဖြစ်ပေါ်စေမည်ဖြစ်လျှင် ၎င်းကို ပုဂ္ဂိုလ်ရေးရာအကျိုးစီးပွားထက် ဦးစားပေးလုပ်ဆောင်ရမည် ဖြစ်သည်။ ဥပမာ- တစ်စုံတစ်ဦး၏ အဂတိလိုက်စားမှုအကြောင်းကိုဖြစ်စေ၊ အသက်အန္တရာယ် သို့မဟုတ် ဘေးကင်းလုံခြုံမှုကို ခြိမ်းခြောက်ခြင်းအကြောင်းဖြစ်စေ သက်သေအထောက်အထားများအား ဖွင့်ဟထုတ်ပြန်ခြင်း စသည့် ဖြစ်စဉ်များ ဖြစ်နိုင်သည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ပုဂ္ဂိုလ်ရေးရာလုံခြုံခွင့်တို့အကြား တစ်ခါတစ်ရံတွင် လွန်ဆွဲမှုရှိနိုင်သော်လည်း ၎င်းတို့နှစ်ခုအကြား ဆက်နွယ်မှုမှာ အမြဲ ဆန့်ကျင်ဘက်ဖြစ်နေသည်မျိုးမဟုတ်သဖြင့် ယင်းသို့သောဖြစ်စဉ်မျိုးတွင် - သင့်တော်သည့် ချိန်ခွင်လျှာမျှအောင် ထိန်းညှိလုပ်ဆောင်ရန်လိုအပ်သည်။ လက်တွေ့တွင် - လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်သော ရပ်ဝန်းတစ်ခုဖန်တီးရန်မှာ လုံလောက်စွာအားကောင်းသော ပုဂ္ဂိုလ်ရေးရာနှင့် ဒေတာအကာအကွယ်ပေးခြင်းဆိုင်ရာဥပဒေများတည်ရှိမှုက အဓိကသော့ချက်ပင် ဖြစ်သည်။ သို့ဖြစ်ရာ အွန်လိုင်းတွင် အသုံးပြုသူများသည် ၎င်းတို့၏ အမည်ကိုမဖော်ပြပဲရှိရန် နှင့် လျှို့ဝှက်စနစ် (encryption) ခံ၍ အသုံးပြုရန် ဆုံးဖြတ်ချက်များအပေါ် နိုင်ငံတော်က လေးစားရမည်ဖြစ်သည်။ သို့သော်လည်း နိုင်ငံများအနေဖြင့် ရာဇဝတ်မှုများအား တုံ့ပြန်ဆောင်ရွက်ရန်ဖြစ်စေ၊ နိုင်ငံတော်လုံခြုံရေးအပေါ် ခြိမ်းခြောက်မှုများအား တုံ့ပြန်ဆောင်ရွက်ရန်ဖြစ်စေ၊ လိုအပ်သော ထောက်လှမ်းရေး ကြိုတင်ဆောင်ရွက်ချက်များကို အထူး လုပ်ဆောင်နိုင်သည်။ နိုင်ငံများအနေဖြင့် ယင်းသို့သော ထောက်လှမ်းရေးအတွက် စည်းမျဉ်းဥပဒေဆိုင်ရာမူဘောင်သည် နိုင်ငံတကာစံချိန်စံနှုန်းများနှင့် ကိုက်ညီကြောင်း သေချာစေရမည်ဖြစ်ပြီး၊ အထူး ချွင်းချက်ဖြစ်စေသော အခြေအနေရပ်များတွင်သာ ယင်းသို့ ထောက်လှမ်းမှုမျိုးကို ခွင့်ပြုရမည်ဖြစ်သည်။ သတင်းအချက်အလက်ရယူစုဆောင်းခြင်းအပေါ် တရား

[12] ဥပမာ- *Jones v. Tsige*, 2012 ONCA 32, စာပိုဒ် ၈၁၆-၁၉ ကိုကြည့်ပါ။ (Ontario အယူခံတရားရုံး), https://www.canlii.org/en/on/onca/doc/2012/2012onca32/2012onca32.html?autocompleteStr=2012%20ONCA%2032&autocompletePos=1.

စီရင်ရေးအဖွဲ့မှ အမှုတစ်ခုချင်းစီအလိုက် ကြီးကြပ်ကွပ်ကဲသင့်ပြီး (မူဝါဒတစ်ခုလုံးအပေါ် ခြုံငုံ၍ ကွပ်ကဲဆောင်ရွက်မှုကို တရားစီရင်ရေးအဖွဲ့အားပေးအပ်ခြင်းမျိုးမဟုတ်ပဲ)၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ (due process) ဖြင့်ဆောင်ရွက်ကြောင်း လုံလောက်သည့်အာမခံချက်များရှိအောင် စောင့်ကြည့်ထိန်းသိမ်းသင့်သည်။

## ၂.၃ သတင်းအချက်လက် ရပိုင်ခွင့်

ယနေ့အခါ အများပြည်သူအာဏာပိုင်များမှ ထိန်းသိမ်းထားသည့် သတင်းအချက်အလက်များအား - အများပြည်သူနှင့် ပုဂ္ဂလိကအကျိုးစီးပွားများအားကာကွယ်ရန်အတွက် အကန့်အသတ်ရှိသည့် ချွင်းချက်အချို့တို့ဖြင့်သာ - လူတိုင်းရယူလက်လှမ်းမှီပိုင်ခွင့်အပေါ် ကျယ်ကျယ်ပြန့်ပြန့်အသိအမှတ်ပြု လက်ခံထားကြပြီဖြစ်သည်။ ယင်းအခွင့်အရေးကို ဥပဒေပြုခြင်းမှတစ်ဆင့် အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ယင်းသို့ဥပဒေပြုရာတွင် - အများပြည်သူဌာနဆိုင်ရာများအားလုံးမှ ကိုင်တွယ်ထိန်းသိမ်းထားသည့် သတင်းအချက်အလက်များအားလုံးအား ရယူလက်လှမ်းမှီနိုင်စေရန် ကျယ်ပြန့်သော ပြဋ္ဌာန်းချက်များ ချမှတ်ဖော်ဆောင်ပြီး၊ အများပြည်သူအကျိုးစီးပွားအတွက် ကျယ်ပြန့်သော သတင်းအချက်အလက် အမျိုးအစားများအား တက်ကြွစွာ ဖွင့်ဟထုတ်ပြန်ရန် တာဝန်ရှိမှုကို အများပြည်သူဌာနဆိုင်ရာများထံပေးအပ်ကာ၊ သတင်းအချက်အလက်များ တောင်းခံခြင်းအတွက် ရှင်းလင်းသည့် လုပ်ထုံးလုပ်နည်းများထားရှိပြီး၊ သတင်းအချက်အလက်ရယူလက်လှမ်းမှီပိုင်ခွင့်အတွက် ရှင်းလင်းသောနှင့် တိကျသော မျှောလင့်ချက်/လိုအပ်ချက်များကို အသေးစိတ်ဖော်ပြကာ၊ ရယူလက်လှမ်းမှီနိုင်မှုမပေးပဲ ငြင်းဆိုမှုများအား စစ်ဆေးရန် လွတ်လပ်သော အယူခံယန္တရား တည်ဆောက်ပေးရမည် ဖြစ်သည်။

## ၂.၄ အွန်လိုင်း အကြောင်းအရာများ

နိုင်ငံများအနေဖြင့် အွန်လိုင်းပေါ်တွင်ရေးသားပြောဆိုသည့်စကားများဖြင့်ပစ်မှတ်ထားခြင်းဆိုင်ရာ သီးခြားစိန်ခေါ်မှုများအား ဖြေရှင်းရန်အတွက် တိကျသည့်ကန့်သတ်ချက်အသစ်များကို တရားဝင်ခိုင်လုံစွာ ချမှတ်နိုင်သည်။ အတုအပပြုလုပ်၍ပေးပို့သည့် စပမ်း အကြောင်းအရာများ (spam)၊ ဆိုက်ဘာအနိုင်ကျင့်ခြင်း (cyberbullying)၊ ကိုယ်ရေးအချက်အလက်ဖြင့်ဖော်ပြတိုက်ခိုက်ခြင်း (doxing) ခေါ် (မည်သူမည်ဝါမှန်းသိရှိနိုင်သည့် ပုဂ္ဂိုလ်ရေးရာ သတင်းအချက်အလက်များအား အွန်လိုင်းတွင် အများသိအောင်ရေးသားတင်ပြခြင်း)၊ နှင့် အတွင်းကျကျဖြစ်သည့် ဓါတ်ပုံများအား ပိုင်ရှင်၏ သဘောတူညီချက်မရှိပဲ ဝေမျှခြင်း- စသည့် ဆိုက်ဘာရပ်ဝန်းများမှတစ်ဆင့် သတင်းအချက်အလက်များ အထူး လျှင်မြန်စွာ နှင့်

ကျယ်ပြန့်စွာပျံ့နှံ့နိုင်မှုကြောင့် တစ်မူထူးသည့် စိန်ခေါ်မှုများရှိနိုင်သည်။ ဆိုက်ဘာရပ်ဝန်းအတွက်သီးခြားဖြစ်သည့်၊ အကန့်အသတ်ရှိသည့် စိန်ခေါ်မှုများအပြင် အွန်လိုင်းမှအန္တရာယ်ပြုမှုများအား တိုက်ဖျက်ရန် (အချိုးကျကျဖြစ်သည့်နှင့် အလွန်အကျူးမဖြစ်သည့်) ကြိုးပမ်းဆောင်ရွက်ချက်ရှိရန် လိုအပ်သည်။ ဥပမာ- အွန်လိုင်းပေါ်တွင် အသရေဖျက်ရေးသားဖော်ပြသည့်အကြောင်းရာများသည် အသရေဖျက်မှုဥပဒေအထွေထွေ ကျင့်သုံးမှုနယ်ပယ်အတွင်း အကျုံးဝင်ကျရောက်ပြီးသားဖြစ်သဖြင့် ဆိုက်ဘာရပ်ဝန်းအတွက် အသရေဖျက်မှုဥပဒေကို သီးခြားပြဋ္ဌာန်းရန်မလိုအပ်ပါ။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ကန့်သတ်ချက်များအားလုံးကဲ့သို့ပင် အွန်လိုင်းမှအန္တရာယ်ပြုမှုများအား ကိုင်တွယ်ဖြေရှင်းရန် ကာကွယ်ဆောင်ရွက်ချက်များသည်လည်း ICCPR အပိုဒ် ၁၉(၃)တွင်ပါဝင်သော သတ်မှတ်ချက် ၃ ရပ်နှင့်ပြည့်မီရမည်ဖြစ်ပြီး - ဥပဒေဖြင့်ပြဋ္ဌာန်းထားခြင်း၊ ခိုင်လုံသောအကျိုးစီးပွားအတွက်ဖြစ်ခြင်းနှင့် ယင်းအကျိုးစီးပွားအား ကာကွယ်ရန်အတွက်လိုအပ်ခြင်း - တို့ဖြစ်ရမည်ဖြစ်သည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိုအားပေးရာတွင် အင်တာနက်၏ အရေးပါသည့်အခန်းကဏ္ဍအပေါ် အဟန့်အတားဖြစ်စေမည့် 'ခြိမ်းခြောက်သည့် အကျိုးဆက်' မရှိအောင် ရှောင်ကြဉ် ရန်လိုအပ်သဖြင့် အွန်လိုင်းအန္တရာယ်ပြုမှုများဆိုင်ရာ မည်သည့်ဥပဒေမဆို - အလွန်အကျူးပြင်းထန်သည့် ပြစ်ဒဏ်များချမှတ်ခြင်းမှရှောင်ကြဉ်ရမည်ဖြစ်သည်။ အွန်လိုင်းအန္တရာယ်ပြုမှုအမြောက်အများ တို့အတွက် အကောင်းဆုံးချဉ်းကပ်နည်းမှာ - တည်ဆဲဥပဒေများ၏ နယ်ပယ်အတွင်းပြန်လည်ကျရောက်သော သို့မဟုတ် တည်ဆဲဥပဒေများနှင့် တူညီပြီးနှစ်ထပ်ဖြစ်စေသော တားမြစ်ချက်အသစ်များ ပြဋ္ဌာန်းမည့်အစား အွန်လိုင်းအကြောင်းအရာများအတွက်ခြုံငုံကာမိစေရန် တည်ဆဲဥပဒေတားမြစ်ချက်များကို အချိန်နှင့်တပြေးညီပြင်ဆင်ခြင်းဖြစ်သင့်သည်၊ ဥပမာ- နောက်ယောင်ခံလိုက်ခြင်း (stalking)၊ ထိပါးနှောင့်ယှက်မှု (harassment) သို့မဟုတ် ပုဂ္ဂိုလ်ရေးရာစွက်ဖက်မှု (invasion of privacy) စသည့် အကြောင်းအရာများဆိုင်ရာ။

အသုံးပြုသူများမှထိန်းချုပ်ခြင်းမဟုတ်လျှင် *အကြိုခန့်မှန်း* (*ex ante*) အကြောင်းအရာများအား ကန့်သတ်ခြင်းများသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအောက်တွင် များသောအားဖြင့် ခွင့်မပြုထားသည့် ကြိုတင်ဆင်ဆာဖြတ်တောက်ခြင်းပုံစံတစ်မျိုးမြောက်သည်။ နောက်ဆုံး အသုံးပြုသူများမှ ထိန်းချုပ်ခြင်းမဟုတ်သည့် နှင့်၊ အစိုးရမှလုပ်ဆောင်သည့် အကြောင်းအရာစိစစ်မှု (content filtering) စနစ်များသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ခွင့်ပြုထားသည့်ကန့်သတ်ချက်များ မဟုတ်ပါ။ သို့သော်လည်း ချွင်းချက်ရှိသော ဖြစ်စဉ်များတွင် တိကျသည့်အကြောင်းအရာအချို့တို့ကို ပိတ်ပင်နိုင်သည်၊ ဥပမာ - ကလေးသူငယ်ညစ်ညမ်းရုပ်ပုံစာပေ (သို့မဟုတ်) အကြမ်းဖက်မှု သို့မဟုတ် လူမျိုးတုံးသတ်ဖြတ်မှုအကြောင်းပါဝင်သည့် အမုန်းစကားများ။ ချွင်းချက်ထားပိတ်ပင်ရေးအမိန့်များသည် အချိုးကျကျ

ရှိရမည်ဖြစ်ပြီး၊ ပစ်မှတ်ထားသည့်အကြောင်းအရာများကိုသာ ပိတ်ပင်ရန် စနစ်တကျစီစဉ်ရေးဆွဲထားရမည် ဖြစ်ကာ၊ လုပ်ထုံးလုပ်နည်းနှင့်အညီလုံလောက်စွာဆောင်ရွက်မှုရှိပြီး၊ တရားစီရင်ရေးပိုင်း သို့မဟုတ် ဖက်စပ်တရားစီရင်ရေးပိုင်း၏ ကြီးကြပ်ကွပ်ကဲမှုကို ခံယူရမည်ဖြစ်သည်။

နိုင်ငံများအနေဖြင့် ကြားခံဆောင်ရွက်သူများ (ဥပမာ- ရှာဖွေရေးအင်ဂျင် (search engines) များ၊ လူမှုကွန်ယက်နက်ဝေ့ါများ သို့မဟုတ် အင်တာနက်ဝန်ဆောင်မှုပေးသူများ) အား ၎င်းတို့မှ လက်ခံ (host) ပေးသည့် သို့မဟုတ် ထုတ်လွှင့် (transmit) ပေးသည့် အကြောင်းအရာများအတွက် တင်းကြပ်စွာ တာဝန်ခံစေခြင်းမှ ရှောင်ကြဉ်သင့်သည်။ တရားစီရင်ရေး သို့မဟုတ် ဖက်စပ်တရားစီရင်ရေးအဖွဲ့မှ အမိန့်လိုအပ်ခြင်းအပါအဝင် - လုံလောက်သည့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ စောင့်ရှောက်ကာကွယ်မှုမရှိပဲ အကြောင်းအရာများအား ကြားခံလုပ်ဆောင်သူများဘက်မှ စစ်ဆေးဖယ်ရှားပေးရန် လိုအပ်စေသည့် ဥပဒေများသည် အထင်ကရ လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများကို ပို၍စိုးရိမ်ရစေသည်။

# ၃။ မီဒီယာ ထိန်းကျောင်းခြင်း

ဤအပိုင်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်ကိုက်ညီသည့်နည်းလမ်းဖြင့် သတင်းမီဒီယာကဏ္ဍအား စည်းမျဉ်းစည်းကမ်းချမှတ်ထိန်းကျောင်းရန်အတွက် အဓိက လက္ခဏာရပ်များနှင့် နည်းလမ်းများကို ဖော်ပြပေးထားသည်။ ပထမပိုင်းတွင် - ထိန်းကျောင်းရေးအဖွဲ့များ၏ အမှီသဟဲကင်းလွတ်လပ်ရန်လိုအပ်မှု၊ စည်းမျဉ်းစည်းကမ်းသည် စုံလင်ကွဲပြားမှုကို အားပေးရန်လိုအပ်မှု နှင့် အဓိက စီးပွားရေးဆိုင်ရာဆောင်ရွက်ချက်များ - စသည့် နယ်ပယ်စုံတွင်အကျုံးဝင်သည့် (cross-cutting) အဓိက သတင်းမီဒီယာ စည်းမျဉ်းစည်းကမ်း ၃ ရပ်တို့ကို အသားပေးဖော်ပြထားသည်။ ဒုတိယပိုင်းတွင်- စာနယ်ဇင်းသမားများ၊ ပုံနှိပ်မီဒီယာ၊ ရုပ်/သံ ထုတ်လွှင့်တင်ဆက်မှုမီဒီယာ၊ အများပြည်သူဝန်ဆောင်မှု ရုပ်/သံ ထုတ်လွှင့်တင်ဆက်ရေး နှင့် အွန်လိုင်းအကြောင်းအရာ စသည့် အဓိကသတင်းမီဒီယာ အမျိုးအစားများကို အပိုင်းပိုင်းခွဲ၍ ဖော်ပြပေးထားသည်။

## ၃.၁ ခြုံငုံဖော်ပြချက်

သတင်းမီဒီယာ ထိန်းကျောင်းရာတွင် အဓိက အခြေခံမှု ၃ ရပ်တို့ပါဝင်သည်-

- လွတ်လပ်ခွင့် : စည်းမျဉ်းဥပဒေများသည် သတင်းမီဒီယာအဖွဲ့/ဌာနများ၏ ဖွဲ့စည်းတည်ထောင်မှုနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ဖြစ်စေ၊ ၎င်းတို့ရေးသားတင်ဆက်သည့် အ

ကြောင်းအရာများနှင့်စပ်လျဉ်း၍ဖြစ်စေ သတင်းမီဒီယာလွတ်လပ်ခွင့်အပေါ် မမျှမတကန့်သတ်ခြင်းမျိုး မဖြစ်သင့်ပါ။

- အမှီသဟဲကင်း၍လွတ်လပ်မှု : ဥပဒေများသည် နိုင်ငံတော်ပိုင်း (နိုင်ငံရေး) နှင့် စီးပွားရေးပိုင်း နှစ်ဘက်စလုံးတို့မှ သတင်းမီဒီယာကဏ္ဍအပေါ် ဝင်ရောက်စွက်ဖက်မှုကို အတတ်နိုင်ဆုံး ကာကွယ်ဟန့်တားပေးသင့်သည်။
- စုံလင်ကွဲပြားမှု : သတင်းမီဒီယာရယူလက်လှမ်းမှီနိုင်မှုကို အတတ်နိုင်ဆုံး ကျယ်ကျယ်ပြန့်ပြန့်ရှိစေရန်နှင့်၊ သတင်းမီဒီယာသည် လူမှုအသိုင်းအဝိုင်းရှိ လူထုအားလုံးတို့၏ လိုအပ်ချက်များနှင့် အကျိုးစီးပွားများအတွက်ရပ်တည်ကြောင်း၊ မတူညီသော ရှုထောင့်အမြင် နှင့် အကြောင်းအရာ အမျိုးမျိုးတို့ကို တင်ပြကြောင်း သေချာစေရန် တို့အတွက် ဥပဒေများသည် စုံလင်ကွဲပြားမှုကို မြှင့်တင်ပေးသင့်သည်။

### ၃.၁.၁ ထိန်းကျောင်းရေး အဖွဲ့များ၏ လွတ်လပ်မှု

လိုင်စင်ချထားပေးခြင်း၊ အသိအမှတ်ပြုအထောက်အထားထုတ်ပေးခြင်း၊ လက်အောက်ခံ (subsidies) များအဖြစ်ချထားပေးခြင်း သို့မဟုတ် အခြားကိစ္စရပ်များ စသဖြင့်- သတင်းမီဒီယာထိန်းကျောင်းသည့် အခွင့်အာဏာရှိသည့် အဖွဲ့များအနေဖြင့်- နိုင်ငံရေးအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ ဝင်ရောက်စွက်ဖက်ခြင်းမှ ကာကွယ်ရန်အတွက် အမှီသဟဲကင်းလွတ်လပ်မှုရှိရမည်ဖြစ်ကြောင်း နိုင်ငံတကာ ဥပဒေအောက်တွင် အခိုင်အမာပြဋ္ဌာန်းထားသည်။ အမှန်တကယ်ပင် အထက်တွင်ဖော်ပြထားသည့် အတိုင်း ၎င်းသည် သတင်းမီဒီယာထိန်းကျောင်းခြင်း၏အခြေခံကျသော မူတစ်ရပ်ပင် ဖြစ်သည်။ ယင်းသို့ ဖြစ်ရခြင်း၏အကြောင်းရင်းမှာ ထင်ရှားသည်။ အဆိုပါကဲ့သို့အကာအကွယ်မရှိပါက ယင်းထိန်းကျောင်းရေးအဖွဲ့များ၏ ဆုံးဖြတ်ချက်များသည် - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အများပြည်သူအကျိုးစီးပွားအတွက်ဖြစ်ရမည့်အစား နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာစဉ်းစားချက်များဖြင့် လွှမ်းမိုးခံရမည် ဖြစ်သည်။ မီဒီယာထိန်းကျောင်းရေးအဖွဲ့များ၏လွတ်လပ်မှုအပေါ် အကာအကွယ်မရှိခြင်းသည် နိုင်ငံအမြောက်အများတို့တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် အပြင်းထန်ဆုံး ခြိမ်းခြောက်မှုများအနက် တစ်ခုဖြစ်သည်။

လက်တွေ့တွင် ယင်းအဖွဲ့များ၏လွတ်လပ်မှုကို မည်သို့အကာအကွယ်ပေးရမည်ဟူသည့် မေးခွန်းမှာလည်း အဖြေပေးရန် ခက်ခဲပြီး၊ ယင်းသို့အကာအကွယ်ပေးရန် တိကျသည့်စံဆောင်ရွက်ချက်ပုံစံများမှာ ဒေသခံ နိုင်ငံရေးနှင့် အသင်းအဖွဲ့ဌာနဆိုင်ရာ နောက်ခံအကြောင်းအရာများအပေါ်တွင်မူတည်မည်ဖြစ်သည်။ ယေဘုယျအခြေခံမူအားဖြင့် ထိန်းကျောင်းရေးအဖွဲ့ဝင်များအား ခန့်အပ်ရာတွင် - ဥပဒေပြုရေး

အဖွဲ့နှင့်အရပ်ဖက်လူထုအပါအဝင်- အမျိုးမျိုးသော ပါဝင်လုပ်ဆောင်သူများ ပါဝင်ပတ်သက်စေခြင်းသည် အမှီသဟဲကင်းလွတ်လပ်မှုကို မြှင့်တင်ရန် အထောက်အကူဖြစ်စေသည်။ ထိန်းကျောင်းရေးအဖွဲ့ဝင်များ၏ လုပ်ပိုင်ခွင့်၊ သက်တမ်းနှင့် ခန့်အပ်ခံရပြီးနောက် ရာထူးမှဖယ်ရှားခံရမှုတို့ အပေါ်အကာ အကွယ်ပေးခြင်းကလည်း အရေးကြီးသည်။

### ၃.၁.၂ စုံလင်ကွဲပြားမှု (Diversity)

ကုလသမဂ္ဂ လွတ်လပ်စွာတွေးခေါ်ယူဆပိုင်ခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အထူးအစီရင်ခံပုဂ္ဂိုလ်၊ ဥရောပအတွင်း လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OSCE)၊ သတင်းမီဒီယာလွတ်လပ်မှုကိုယ်စားလှယ်၊ အမေရိကန်ပြည်ထောင်စုများဆိုင်ရာအဖွဲ့ (OAS)၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အထူးအစီရင်ခံပုဂ္ဂိုလ် နှင့် လူသားနှင့်လူထုအခွင့်အရေးဆိုင်ရာ အာဖရိကန်ကော်မရှင် (ACHPR)၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရယူပိုင်ခွင့်ဆိုင်ရာ အထူးအစီရင်ခံပုဂ္ဂိုလ် - စသည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အထူး နိုင်ငံတကာ ပုဂ္ဂိုလ်များမှ ထုတ်ပြန်သည့် 'ရုပ်/သံထုတ် လွှင့်တင်ဆက်မှုတွင် စုံလင်ကွဲပြားမှုဆိုင်ရာ ၂၀၀၇ ခုနှစ် ပူးတွဲကြေညာချက်' တွင်- သတင်းမီဒီယာစုံလင်ကွဲပြားမှုအပေါ် အပြည့်အဝ အသားပေးဖော်ပြထားပြီး၊ ၎င်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၏ အစိတ်အပိုင်းတစ်ခုအဖြစ်နှင့် ဒီမိုကရေစီ၏အခြေခံထောက်တိုင်တစ်ခုအဖြစ် အရေးပါမှုတို့ကို ဖော်ပြထားသည်။[13]

ယင်းပူးတွဲကြေညာချက်တွင် - သတင်းမီဒီယာ စုံလင်များပြားမှု သို့မဟုတ် ကွဲပြားမှုအတွက် ထင်ရှားသည့် အပိုင်း ၃ ပိုင်းကို ဖော်ထုတ်ထားပြီး - အကြောင်းအရာပိုင်း၊ သတင်းအဖွဲ့/ဌာန ပိုင်း နှင့် အရင်းအမြစ်ပိုင်း - တို့ ဖြစ်သည်။[14] မတူကွဲပြားသော လူမှုအသိုင်းအဝိုင်းဝင်တို့၏ လိုအပ်ချက်များနှင့် အကျိုးစီးပွားများအတွက် ကျယ်ပြန့်သည့် အကြောင်းအရာအမျိုးမျိုးတို့ကို တင်ပြနိုင်ရန် ရှေးရှုသည့် **အကြောင်းအရာများ၏ စုံလင်ကွဲပြားမှု** (Diversity of Content) သည် အထင်ရှားဆုံးဖြစ်ပြီး၊ စုံလင်ကွဲပြားမှုအမျိုးအစားအနက် အရေးအကြီးဆုံးတစ်မျိုးဖြစ်သည်။ လူမှုအသိုင်းအဝိုင်းအတွင်း အုပ်စုအား

---

[13] ၂၀၀၇ ဒီဇင်ဘာ ၁၂ တွင် လက်ခံကျင့်သုံးသည် http://www.osce.org/fom/66176.

[14] Thomas Gibbons, "ထွန်းကားလာသည့် မီဒီယာလုပ်ငန်းအတွင်း ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှုစုဝေးသိပ်သည်းနေခြင်း" (Concentrations of Ownership and Control in a Converging Media Industry)", in Chris Marsden & Stefaan Verhulst, eds., *ဥရောပါ ဒီဂျစ်တယ် ရုပ်မြင်သံကြားဆိုင်ရာ ထိန်းကျောင်းခြင်းတွင် ကွဲပြားထွန်းကားလာမှု* (*Convergence in European Digital TV Regulation*) (London, Blackstone Press Ltd., 1999), pp. 155-173, p. 157 - တို့ကိုလည်းကြည့်ပါ။

လုံးတို့၏ အသံကို ကိုယ်စားပြုနိုင်စေသည့် အကြောင်းအရာများ၏ စုံလင်ကွဲပြားမှုသည်- အခြားအရာများအပြင် - သတင်းမီဒီယာအမျိုးအစားများ စုံလင်စွာတည်ရှိမှု သို့မဟုတ် **သတင်းဌာန/အဖွဲ့ စုံလင်ကွဲပြားမှု** (Outlet diversity) တို့အပေါ်တွင် မူတည်သည်။ အထူးသဖြင့် နိုင်ငံများအနေဖြင့် - အများပြည်သူဝန်ဆောင်မှု၊ စီးပွားဖြစ် နှင့် ရပ်ရွာလူထုအခြေပြု ထုတ်လွှင့်တင်ဆက်သူများ အပါအဝင် - အမျိုးမျိုးသော ရုပ်/သံ ထုတ်လွှင့်တင်ဆက်သူများ ရပ်တည်နိုင်သည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးသင့်ပြီး၊ ယင်း သတင်းဌာန/အဖွဲ့တစ်ခုချင်းစီတို့သည် မတူကွဲပြားသော အမြင်များ၊ အစီအစဉ်များ နှင့် တင်ဆက်သူ/ပရိသတ်များကို ဆောင်ကျဉ်းပေးနိုင်မည် ဖြစ်သည်။ သတင်းမီဒီယာပိုင်ဆိုင်မှု စုဝေးသိပ်သည်းနေသည့် ဖြစ်စဉ်မျိုး ပိုမိုများပြားလာပြီး **အရင်းအမြစ် စုံလင်ကွဲပြားမှု** (Source diversity) မရှိလျှင် သတင်းမီဒီယာအကြောင်းအရာများအပေါ်အပြင် မီဒီယာများ၏ လွတ်လပ်မှုနှင့် အရည်အသွေးတို့ အပေါ်ကိုပါ အရေးပါသောနည်းလမ်းများဖြင့် ထိခိုက်သက်ရောက်မှုရှိနိုင်သည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အရ နိုင်ငံများအနေဖြင့် - အရင်းအမြစ်၊ အသင်းအဖွဲ့ နှင့် အကြောင်းအရာ ပိုင်းစသည့် - စုံလင်ကွဲပြားမှု သုံးမျိုးစလုံးကို မြှင့်တင်ရန် တာဝန်ရှိကြောင်း အမြင်ကို အာဏာပိုင်များ၏ ထုတ်ပြန်ကြေညာချက်အမြောက်အများတို့က ထောက်ခံ ဖော်ပြထားသည်။ သို့သော်လည်း -ပုံနှိပ်မီဒီယာနှင့် ရုပ်/သံ ထုတ်လွှင့်တင်ဆက်မှု မီဒီယာများအကြား ကွဲပြားစွာ စည်းမျဉ်းချမှတ်ထိန်းကျောင်းရန် လိုအပ်မှုရှိကြောင်း အမြဲ အသိအမှတ်ပြုဖော်ပြထားသည်။ နိုင်ငံအမြောက်အများတို့တွင် ပုံနှိပ်မီဒီယာကဏ္ဍအတွင်း အရင်းအမြစ်စုံလင်ကွဲပြားမှုကိုသာ စည်းမျဉ်းဥပဒေချမှတ်ထိန်းကျောင်းထားသည်။ တစ်ချိန်တည်းတွင် အချို့နိုင်ငံများတွင်မူ ပုံနှိပ်သတင်းမီဒီယာကဏ္ဍအတွင်း အကြောင်းအရာစုံလင်ကွဲပြားမှု မြှင့်တင်သည့်နည်းလမ်းတစ်ရပ်အဖြစ် ပုံနှိပ်သတင်းမီဒီယာများအတွက် လက်အောက်ခံ မီဒီယာဌာန (subsidies) အဖြစ်ချပေးထားသည်။

အင်တာနက် ထွန်းကားလာမှုသည်လည်း မီဒီယာဈေးကွက်အတွက် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုအသစ်များကို ဖြစ်ပေါ်စေပြီး၊ အထူးသဖြင့် ဒီဂျစ်တယ် ဆက်သွယ်မှုများ ပေါ်ပေါက်လာမှုကြောင့် ကြော်ငြာများထည့်သွင်းခြင်း (advertising) စသည့် အခွန်ဝင်ငွေလမ်းကြောင်း အရင်းအမြစ်များ ဆုံးရှုံးရသည်။ အထူးသဖြင့် အွန်လိုင်းတွင်ဆောင်ရွက်သူအမြောက်အများ - အခြားပလက်ဖောင်းများပါဝင်သော်လည်း အသိသာဆုံးမှာ ဖေ့စ်ဘုတ် (Facebook) နှင့် ဂူဂယ် (Google) - တို့သည် သတင်းအကြောင်းအရာများ နှင့် စေ့စပ်လုပ်ဆောင်နိုင်ရန် ဖိုရာ (fora) နေရာများအားချိတ်ဆက်ပေးခြင်း နှင့် ဖန်တီးပေးခြင်းအားဖြင့် ကြော်ငြာများမှရရှိသည့် အဖိုးအခငွေများမှ တစ်ဆင့် တတိယပါဝင်လုပ်ဆောင်သူ (third party) ၏ သတင်းအကြောင်းအရာများထံမှ ဝင်ငွေများအောင်မြင်စွာ ဖော်ယူနေကြပြီဖြစ်သည်။ ဤအခြေအနေမျိုးတွင် ဒီဂျစ်တယ်စနစ်ပြုမှုကြောင့် စာနယ်ဇင်းကဏ္ဍ အခွန်ဘဏ္ဍာ စံပုံစံများ (revenue models) အပေါ်

စိန်ခေါ်မှုများဖြစ်စေသဖြင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ စိုးရိမ်မှုမှာလည်း မြင့်တက်လျက်ရှိပြီး၊[15] နိုင်ငံအချို့တို့ကမူ သတင်းမီဒီယာများအား ပံ့ပိုးရန်အတွက် မတူညီသော စံပုံစံများကို ရှာဖွေလေ့လာနေကြပြီဖြစ်သည်။

ဩစတြေးလျနိုင်ငံတွင် ကျင့်သုံးနေသည့် ချဉ်းကပ်မှုတစ်ခုအရ ကြီးမားသည့် နည်းပညာကုမ္ပဏီများ - အဓိက အားဖြင့် ဖေ့စ်ဘုတ်နှင့် ဂူဂယ် - အနေဖြင့် သတင်းမီဒီယာအဖွဲ့များ တင်ဆက်သည့်အကြောင်းအရာများထံမှ ရရှိသည့် ဝင်ငွေများအတွက် အစားထိုးပေးလျော်ရေးအပေါ် သဘောတူညီချက်များ ညှိနှိုင်းရန် လိုအပ်စေခြင်းနှင့်၊ အကယ်၍ သဘောတူညီချက်တစ်ရပ်သို့မရောက်ရှိနိုင်ပါက တရားရုံးပြင်ပခုံရုံးဖွဲ့စီရင်ခြင်း (arbitration proceeding) ခံယူရန်လိုအပ်စေခြင်း ဖြစ်သည်။[16] ဩစတြေးလျနိုင်ငံ၏ ယင်းမော်ဒယ်လ် ပုံစံသည် အဓိကကျသည့်ပြဿနာအပေါ် ဖြေရှင်းပေးသည့် ကောင်းမွန်သောချဉ်းကပ်နည်းဖြစ်သော်လည်း ဩစတြေးလျ ဆက်သွယ်ရေးနှင့် မီဒီယာအေဂျင်စီဌာနတွင် မဖြစ်မနေမှတ်ပုံတင်ထားရန်နှင့်၊ အနည်းဆုံးရှိရမည့် ဝင်ငွေစံပိုင်းဖြတ်သတ်မှတ်ချက် စသည့် တိကျသည့် လိုအပ်ချက်အချို့တို့နှင့်ပြည့်မှီသည့် သတင်းဌာနများကသာ ပေးလျော်ငွေကို ခံစားခွင့်ရှိသဖြင့်[17] အခြား သေးငယ်သည့် သတင်းဌာနများအတွက် အခွင့်အလမ်းမသာခြင်းအပါအဝင် အမျိုးမျိုးသော အကြောင်းရင်းများတို့ကြောင့် အငြင်းပွားဖွယ်ရာရှိနေသည်။ အခြားစံပုံစံနောက်တစ်နည်းမှာ - ပေးထားသည့် စီရင်လုပ်ပိုင်ခွင့် (jurisdiction) အတွင်း[18] ဒီဂျစ်တယ်ဝန်ဆောင်မှုများအပေါ် အခွန်ခကို တိုက်ရိုက်အစိုးရလက်အောက်ခံ လွတ်

---

[15] ဥပမာ- ဝန်ကြီးများကော်မတီဆိုင်ရာ ဥရောပကောင်စီက- အွန်လိုင်းအကြောင်းအရာအသစ်များထံမှရရှိသည့် အခွန်ငွေများကို "သာတူညီမျှဖြစ်စွာမျှဝေပေးပြီး၊ လိုအပ်ပါက သတင်းရေးသားတင်ပြသူများထံသို့ အွန်လိုင်းပလက်ဖောင်းများ တွင်ပြန်လည်ဖြန့်ဝေပေးကာ၊ မီဒီယာလုပ်ငန်းအတွက်း စီးပွားရေးဆိုင်ရာ ဝင်ငွေဖော်ဆောင်ခြင်းအပေါ် ထိန်းညှိပေးကြောင်းသေချာစေရမည်" ဖြစ်ကြောင်း တိုက်တွန်းထားသည်။ *ဒီဂျစ်တယ်ခေတ်တွင် အရည်အသွေးမြင့်မားသော စာနယ်ဇင်းပညာရပ် ဘဏ္ဍာရေးရာအရ ရေရှည်တည်တံ့စေရေးဆိုင်ရာ ဝန်ကြီးများကော်မတီ၏ ထုတ်ပြန်ကြေညာချက် - Declaration by the Committee of Ministers on the financial sustainability of quality journalism in the digital age*, ၂၀၁၉ ဖေဖော်ဝါရီ ၁၃၊ အပိုင်း ၁၂(ဂ)၊ https://search.coe.int/cm/pages/result_details.aspx?objectid=090000168092dd4d. ဒီဂျစ်တယ်ခေတ်တွင် မီဒီယာလွတ်လပ်မှုနှင့် စုံလင်ကွဲပြားမှုဆိုင်ရာ ပူးတွဲထုတ်ပြန်ကြေညာချက်၊ မှတ်စု ၄ ကိုလည်းကြည့်ပါ။

[16] သတင်းမီဒီယာနှင့် ဒီဂျစ်တယ်ပလက်ဖောင်းများ မဖြစ်မနေ ညှိနှိုင်းတောင်းဆိုရေး ကျင့်ဝတ်- ၂၀၂၁ ဖေဖော်ဝါရီ ၂၄။ https://parlinfo.aph.gov.au/parlInfo/download/legislation/bills/r6652_aspassed/toc_pdf/20177b01.pdf;fileType=application%2Fpdf.

[17] ထိုတွင် *Ibid*., အပိုင်း ၅၂။

[18] မကြာသေးခင်ကအထိ၊ ယင်းစီရင်ချက်များသည် ၎င်းတို့လုပ်ပိုင်ခွင့်အတွင်းရှိ ဝန်ဆောင်မှုများထံမှ အခွန်ဘဏ္ဍာတစ်စုံတစ်ရာကိုမျှ ရယူနိုင်ခဲ့ခြင်းမရှိပါ။ ဥပမာ- Fernando Heller, "စပိန်နိုင်ငံ၏ ဂူဂယ်နှင့် တိုဘင်အခွန်အသစ်တို့ ယခုနှစ်တွင်

လပ်သော သတင်းဌာနများသို့ ဘဏ္ဍာငွေချထားပေးရန် အသုံးပြုစေနိုင်သည့်- "အခွန်ကောက်သုံး - Tax and Spend" ချဉ်းကပ်နည်းဖြစ်သည်။ ဒီဂျစ်တယ်ခေတ်တွင် စာနယ်ဇင်းအား ပံ့ပိုးရန်အတွက် မည်သည့် စံပုံစံ မော်ဒယ်လ်ကိုအသုံးပြုသည်ဖြစ်စေ နိုင်ငံများအနေဖြင့် သတင်းမီဒီယာစုံလင်ကွဲပြားမှုမြှင့်တင်ရန် ရည်ရွယ်သည့် ရှင်းလင်းသောနှင့် ပွင့်လင်းမြင်သာသော စည်းမျဉ်းများအရ ရန်ပုံငွေများကို သာတူညီ မျှ ဖြစ်စွာ ခွဲဝေချထားကြောင်း သေချာစေသင့်သည်။

### ၃.၁.၃ စီးပွားရေးဆိုင်ရာ ပြဿနာများ

သတင်းမီဒီယာ ပိုင်ဆိုင်မှု မမျှမတ စုဝေးသိပ်သည်းနေခြင်းသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ပုံစံအမျိုးမျိုးတို့ဖြင့် အားနည်းစေသည်။ ပိုင်ဆိုင်မှုတူသည့် မီဒီယာအုပ်စုများအတွင်း တစ်ပြေးညီတည်းဖြစ်သော အမြင်ဖော်ပြချက်များကို မြှင့်တင်လေ့ရှိပြီး၊ ယင်းအုပ်စု၏ မတူသည့်မီဒီယာများအကြား တူညီသော အစီအစဉ်ပရိုဂရမ်များကို ရေးဆွဲထားလေ့ရှိသည်ဖြစ်သဖြင့် ယင်းသို့မီဒီယာပိုင်ဆိုင်မှုစုဝေးနေခြင်းသည် စုံလင်ကွဲပြားမှုကို အားနည်းစေသည်။ ရလဒ်အနေဖြင့် နိုင်ငံတကာဥပဒေသည် နိုင်ငံများအား - ပုံနှိပ်မီဒီယာဖြစ်စေ၊ ရုပ်/သံထုတ်လွှင့်တင်ဆက်သည့်မီဒီယာဖြစ်စေ - ပေးထားသည့်ကဏ္ဍတစ်ခုခု အတွင်းတွင်ရော၊ အမျိုးမျိုးဖြစ်သည့် မီဒီယာကဏ္ဍများအကြားတွင်ပါ သတင်းမီဒီယာပိုင်ဆိုင်မှုစုဝေးနေခြင်းကို ကာကွယ်သည့် ကြိုတင်ဆောင်ရွက်ချက်များထားရှိရန် လိုအပ်စေသည်။

အခြား အထွေထွေ ပိုင်ဆိုင်မှုစုဝေးသိပ်သည်းခြင်းမရှိစေရေးဆိုင်ရာ ဆောင်ရွက်ချက်များသည် အပြိုင်အဆိုင်ရှိသော (များသောအားဖြင့် - သုံးဖွဲ့ သို့မဟုတ် လေးဖွဲ့ စသည့် - ဈေးကွက်ပြိုင်ဆိုင်သူ အရေအတွက်အကန့်အသတ်သည် လုံလောက်လေ့ရှိပြီဖြစ်သည့်) ဈေးကွက်တစ်ခုရှိကြောင်း သေချာစေရေးကို ဦးတည်သော်လည်း၊ မီဒီယာအတွက် ပိုင်ဆိုင်မှုစုဝေးသိပ်သည်းခြင်းမရှိစေရေး ဆောင်ရွက်ချက်များမှာမူ - အများပြည်သူအနေဖြင့် အများပြည်သူဆိုင်ရာငြင်းခုန်ဆွေးနွေးမှုကိစ္စရပ်များအပေါ် မတူညီသော အမြင် နှင့် ရှုထောင့်အမျိုးမျိုးတို့ရရှိနိုင်ရေးဖြစ်သည့်အတွက် - ပိုမို ကျယ်ပြန့်ပြီး စိန်ခေါ်မှုရှိသည့် ရည်မှန်းချက်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ပြိုင်ဆိုင်မှုအားကောင်းရေးအတွက် ရိုးရှင်းစွာလိုအပ်သည်ထက် ပို၍ ထူးခြားသည့်၊ တင်းကြပ်သည့် 'ပိုင်ဆိုင်မှုစုဝေးသိပ်သည်းခြင်းမရှိစေရေး ဆောင်ရွက်ချက်များ' မီဒီယာကဏ္ဍအတွင်းလိုအပ်ကြောင်း အသိအမှတ်ပြုရမည် ဖြစ်သည်။

---

ပေါင် ၁ ဘီလီယံအထိရရှိခဲ့"၊ ၂၀၂၁ ဇန်နဝါရီ ၁၈။ https://www.euractiv.com/section/digital/news/spains-new-google-and-tobin-taxes-to-generate-about-e1-billion-this-year/. -ကိုကြည့်ပါ။

နိုင်ငံအမြောက်အများတို့တွင် အများပြည်သူကြော်ငြာများသည် ကြော်ငြာဈေးကွက်တစ်ခုလုံး၏ အရေးပါသောအစိတ်အပိုင်းတစ်ခုကို ကိုယ်စားပြုပြီး၊ မီဒီယာအတွက် အရေးကြီးသော ဝင်ငွေအရင်းအမြစ်တစ်ခုဖြစ်သည်။ ယင်းသို့ ကြော်ငြာများချထားပေးမှုကို နိုင်ငံရေးအရစွက်ဖက်မှုမရှိအောင် ကာကွယ်မပေးလျှင် နိုင်ငံရေးကြော်ငြာများသည် မီဒီယာအပေါ် အင်အားသုံး၍ ထိန်းချုပ်မှုရှိလာနိုင်သည်။ ထို့ကြောင့် ၎င်းကိုကာကွယ်ရန် - အများပြည်သူကြော်ငြာထည့်သွင်းခြင်းများကို ဈေးကွက်အခြေအနေရပ်များအပါအဝင် မျှတသော နှင့် ဓမ္မဓိဋ္ဌာန်ကျသော စံသတ်မှတ်ချက်များအပေါ် အခြေခံ၍ အသေအချာချမှတ်ထားခြင်း အပါအဝင် - တိကျသည့် စနစ်များ ချမှတ်ထားရန် အရေးကြီးသည်။

## ၃.၂ အမျိုးမျိုးသော မီဒီယာ ကဏ္ဍများအား ထိန်းကျောင်းခြင်း

### ၃.၂.၁ စာနယ်ဇင်းသမားများ

စာနယ်ဇင်းသမားများအနေဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းအလုပ် လုပ်ကိုင်ရန်အတွက် လုပ်ငန်းစဉ်တစ်ရပ်ဖြင့်လျှောက်ထားရစေသည့် စာနယ်ဇင်းသမားများအား လိုင်စင်ချထားပေးခြင်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် တရားဝင်ခိုင်လုံသည့် ကန့်သတ်ချက်တစ်ရပ် မဟုတ်ပါ။ အခြား အသက်မွေးဝမ်းကျောင်းများဖြစ်သည့် - ဆေးဘက်ဆိုင်ရာ၊ ဥပဒေ နှင့် အင်ဂျင်နီယာစသည် - တို့နှင့် မတူညီသည်မှာ စာနယ်ဇင်းပညာလုပ်ကိုင်ဆောင်ရွက်ခြင်းသည် အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီး ယင်းအခွင့်အရေးဆိုင်ရာအသက်မွေးဝမ်းကျောင်းရယူလက်လှမ်းမှီရေးအပေါ် ကန့်သတ်ချက်များသည် တရားဝင်မခိုင်လုံပါ။ အမှန်တကယ်တွင်လည်း စာနယ်ဇင်းသမားများအတွက် မှတ်ပုံတင်စနစ်သည်- ရေးသားဖော်ပြချက်များဖြန့်ဝေခြင်းအတွက် တာဝန်ရှိသည့် မီဒီယာဌာနများအပေါ် အရေးယူခြင်းမှတစ်ဆင့် ဂုဏ်သိက္ခာ စသည့် အကျိုးစီးပွားများကို အကာအကွယ်ပေးနိုင်သဖြင့် ၎င်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် စံလိုအပ်ချက်ပြည့်မှီသည့် ကန့်သတ်ချက်များဖြစ်မည် မဟုတ်ပါ။

နိုင်ငံတကာဥပဒေအရ နိုင်ငံများအနေဖြင့် အများပြည်သူအကျိုးစီးပွားအတွက် ထုတ်ပြန်တင်ဆက်သည့် စာနယ်ဇင်းသမားများနှင့် အခြားသူများအား ၎င်းတို့တင်ဆက်သောသတင်းအချက်အလက်၏ လျှို့ဝှက်ထိန်းသိမ်းအပ်သောအရင်းအမြစ်များအား ဖွင့်ဟထုတ်ပြန်ရန် ငြင်းဆိုပိုင်ခွင့်အပေါ် အကာအကွယ်ပေးရန်လိုအပ်သည်။ ယင်းအချက်၏ နောက်ကွယ်အကြောင်းရင်းမှာ စာနယ်ဇင်းသမားများသည် အခြားသာမန်ပြည်သူများတွင်မရှိသည့် အခွင့်ထူးများရှိနေသောကြောင့်မဟုတ်ပါ။ ယင်းအတွက်အကြောင်းရင်းမှာ - အများပြည်သူ အကျိုးစီးပွားကိစ္စရပ်များဆိုင်ရာ သတင်းအချက်အလက်များကို လူတိုင်းရရှိပိုင်ခွင့်ရှိကြောင်းသေချာစေရေးအတွက် အကာအကွယ်ပေးရန်ဖြစ်သည်။ ၎င်းကိုအကာအကွယ်ပေးထား

ခြင်းမရှိပါက လျှို့ဝှက်ထိန်းသိမ်းရန် လိုအပ်သည့် အရင်းအမြစ်များသည် သတင်းအချက်အလက်များ ထုတ်ပေးလာတော့မည်မဟုတ်သဖြင့် အများပြည်သူအနေဖြင့် ယင်းသတင်းများကို ရယူလက်လှမ်းမှီ နိုင်မှုမရှိ ဖြစ်မည် ဖြစ်သည်။

စာနယ်ဇင်းသမားများ - ဥပဒေပြုရေးအဖွဲ့နေရာများနှင့် တရားရုံးများစသည့် - တိကျသည့် နေရာများသို့ ဝင်ရောက်လက်လှမ်းမှီနိုင်သည့် အထူးအခွင့်အရေးသည် အများပြည်သူအကျိုးစီးပွားကိစ္စရပ်များဆိုင် ရာ သတင်းအချက်အလက်များ အများပြည်သူမှ ပိုမိုကျယ်ပြန့်စွာ ရရှိပိုင်ခွင့်ဟူသည့် တူညီသောအခြေခံ မှုအပေါ်တွင်သာ အခြေခံထားသည်။ အသိအမှတ်ပြုအထောက်အထားထုတ်ပေးခြင်း (accreditation) သည် စာနယ်ဇင်းသမားများ ယင်းနေရာများအတွင်းသို့ ဝင်ထွက်နိုင်ရန် အထူးခွင့်ပြုချက်အာမခံချက် ပေးသည့် အဓိက နည်းလမ်းတစ်ရပ် ဖြစ်သည်။ ထို့ကြောင့် အသိအမှတ်ပြုအထောက်အထားထုတ်ပေး သည့် ဖြစ်စဉ်ကို စာနယ်ဇင်းသမားများအား မှတ်ပုံတင်ခြင်း သို့မဟုတ် လိုင်စင်ချထားပေးခြင်းစနစ်တစ် ခုဖန်တီးခြင်းအဖြစ် ရောထွေးခြင်းမပြုရန်၊ အလွဲသုံးစားမပြုရန် ဖြစ်သည်။ ထိန်းကျောင်းရေးအခွင့်အာ ဏာအားလုံးကဲ့သို့ပင် အသိအမှတ်ပြုအထောက်အထားထုတ်ပေးခြင်းကို နိုင်ငံရေး သို့မဟုတ် စီးပွား ရေးစွက်ဖက်မှုကင်းသည့် အဖွဲ့/ဌာန တစ်ရပ်မှ ကြီးကြပ်ကွပ်ကဲသင့်သည်။

ယခုအခါ - ဆိုက်ဘာတိုက်ခိုက်မှုများ၊ ကိုယ်ရေးအချက်အလက်သုံး၍ တိုက်ခိုက်မှုများ၊ စွပ်စွဲချက်အမှား များဖြင့်စည်းရုံးမှုများ နှင့် အနိုင်ကျင့်ထိုးနှက်ရေးသားခြင်း - စသည့် ဒီဂျစ်တယ် ဆက်သွယ်ရေးများ ကြောင့် သီးခြားဖြစ်ပေါ်လာသည့် အကြမ်းဖက်မှုနှင့် ထိပါးနှောင့်ယှက်မှုများ ကြုံတွေ့နေရသည့် အွန် လိုင်းအပါအဝင် အခြားနေရာများတွင် စာနယ်ဇင်းသမားများအတွက် ဘေးကင်းသော ပတ်ဝန်းကျင် တစ်ရပ်ဖန်တီးပေးရန် နိုင်ငံများတွင် အပြုသဘောဆောင်သော တာဝန်ရှိသည်။ စာနယ်ဇင်းသမားများ အပေါ် ယင်းသို့တိုက်ခိုက်မှုများသည် အားလုံးအတွက် 'အပျက်'ဖြစ်ပြီး စာနယ်ဇင်းသမားများ အသံ တိတ်သွားစေရေးအတွက် ၎င်းတို့အား အရည်အချင်းမပြည့်မီကြောင်း ရှုတ်ချရန်ဖြစ်စေ၊ ထိခိုက်အန္တ ရာယ်ပြုရန်ဖြစ်စေ ရည်ရွယ်ချက်ရှိသည့် မသမာသူများမှ အတိုင်းအတာတစ်ခုအထိ စနစ်တကျအကွက် ချလုပ်ဆောင်နိုင်သဖြင့် အဓိကစိုးရိမ်ရခြင်း ဖြစ်သည်။

နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအောက်တွင် နိုင်ငံများအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံတော်မဟုတ်သည့် အခြားလုပ်ဆောင်သူများမှ စာနယ်ဇင်းသမားများအပေါ်တိုက်ခိုက်မှုများကို ဖြေရှင်းရန် ဥပဒေလုပ်ထုံး လုပ်နည်းနှင့်အညီ ကျင့်သုံးဆောင်ရွက်သင့်သည်။ ယင်းနယ်ပယ်များအတွင်းနိုင်ငံတော်၏ အပြုသဘော ဆောင်သော တာဝန်ရှိမှုများကို - တိုက်ခိုက်မှုများမှ ဟန့်တား၊ ကာကွယ်ပေးရန်နှင့် တိုက်ခိုက်မှုများဖြစ် ပေါ်ပါက စုံစမ်းစစ်ဆေးရန်၊ တရားစွဲဆိုရန်နှင့် ကုစားမှုများပေးအပ်ရန်- တို့အဖြစ် အနှစ်ချုပ်ဖော်ပြနိုင်

သည်။ ယင်းတာဝန်ရှိမှုများသည် ဆိုက်ဘာရပ်ဝန်းအတွက်ပါအကျုံးဝင်ပြီး၊ နိုင်ငံများအနေဖြင့် ပုဂ္ဂလိက လုပ်ဆောင်သူများမှ အွန်လိုင်းအကြမ်းဖက်မှုကို ဖြေရှင်းရန် လိုအပ်သောအဆင့်များ ဆောင်ရွက်ထား သင့်သည်။ သို့သော်လည်း ယင်းသို့မည်သည့်ကြိုးပမ်းဆောင်ရွက်ချက်မဆို နိုင်ငံတကာစံချိန်စံနှုန်းများ နှင့် ကိုက်ညီရမည်ဖြစ်ပြီး၊ စာနယ်ဇင်းသမားများအားကာကွယ်ရန်ဦးတည်သည့် မည်သည့်ဆောင်ရွက် ချက်မဆိုတို့သည် စာနယ်ဇင်းပညာအပေါ် ပစ်မှတ်ထားအလွဲသုံးစားပြုခြင်းမရှိရန် သို့မဟုတ် လွတ်လပ် စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် မမျှမတ ကန့်သတ်ခြင်းမရှိရန် လုံလောက်ကောင်းမွန်စွာ စီစဉ်ရေးဆွဲချ မှတ်ထားရမည်။ နိုင်ငံများအနေဖြင့် အပြုသဘောဖြင့် လုပ်ဆောင်နိုင်သောအရာများတွင် ဥပမာ- အွန် လိုင်းအကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးကန်ပိန်းများ စေ့စပ်လုပ်ဆောင်ခြင်း၊ အန္တရာယ်ရှိသည့် စာ နယ်ဇင်းသမားများအတွက် အကာအကွယ်ပစ္စည်းများပေးအပ်ခြင်းနှင့် အွန်လိုင်းတိုက်ခိုက်မှုများအား တုံ့ပြန်ခြင်းအကြောင်း တရားဥပဒေစိုးမိုးရေးအဖွဲ့များအား လေ့ကျင့်သင်ကြားပေးခြင်း စသည်တို့ပါဝင် သည်။

## ၃.၂.၂ ပုံနှိပ် မီဒီယာ

နိုင်ငံအမြောက်အများတို့တွင် ပုံနှိပ်မီဒီယာကို- (ကော်ပိုရေးရှင်း စသည့်) ၎င်းတို့အားတည်ထောင်ထား သည့် တရားဝင်ဖွဲ့စည်းမှုပုံစံအပေါ် အကျုံးဝင်သည့် ယေဘုယျစည်းမျဉ်းများထက်ပိုပြီး- အခြား အထူး စည်းမျဉ်းဥပဒေပုံစံဖြင့် ထိန်းကျောင်းထားခြင်းမရှိပါ။ ပုံနှိပ်မီဒီယာတစ်ခုတည်ထောင်ရန် ခွင့်ပြုချက် လျှောက်ထားရစေသည့် ပုံနှိပ်မီဒီယာအားလိုင်စင်ချထားပေးခြင်းသည် စာနယ်ဇင်းသမားများအား လိုင် စင်ချထားပေးခြင်းကဲ့သို့ပင် တရားဝင်ခိုင်လုံမှုမရှိပါ။ ပုံနှိပ်မီဒီယာများ မှတ်ပုံတင်ခြင်းအတွက် နည်းပ ညာစနစ်များကို မလိုအပ်ဟု သတ်မှတ်ပြီး၊ ၎င်းတို့သည် အလွဲသုံးစားပြုခံရနိုင်သဖြင့် ရှောင်ကြဉ်သင့် သည်။ ယင်းသို့သော စနစ်များသည် အောက်ပါ တိကျသော အခြေအနေရပ်များနှင့် ပြည့်မှီမှသာ တရား ဝင်ခိုင်လုံမှုရှိမည် ဖြစ်သည်-

- လိုအပ်သည့် သတင်းအချက်အလက်ပေးအပ်ပြီးသည်နှင့် မှတ်ပုံတင်ခြင်းကို မည်သည့်ဆန္ဒ ဖြင့်မှ ကန့်ကွက်ငြင်းဆိုမှု အလျဉ်းမရှိခြင်း။
- မှတ်ပုံတင်ခြင်းတွင် - အဆိုပြုသော မီဒီယာဌာန၏ အမည်သည် ရှေ့တွင် အခြားသူမှ အသုံးပြု ထားပြီးသည့် အမည်မဖြစ်ရန်မှအပ အခြား အထင်ကရ အခြေအနေရပ်လိုအပ်ချက်များ မပါဝင် ခြင်း
- မှတ်ပုံတင်သည့် လုပ်ငန်းစဉ်သည် လွန်ကျူးစွာ ဝန်ထုပ်ဝန်ပိုးမဖြစ်စေခြင်းနှင့်
- မှတ်ပုံတင်သည့်စနစ်ကို အစိုးနှင့် ကင်းလွတ်သော အဖွဲ့တစ်ခုမှ စီမံထိန်းကွပ်ခြင်း။

စနစ်တကျချမှတ်ထားသည်ဖြစ်ပါက အမှန်ပြင်ဆင်ခွင့်နှင့် တုံ့ပြန်ပိုင်ခွင့်သည် အသရေဖျက်မှုနှင့် ပုဂ္ဂိုလ်ရေးရာစွက်ဖက်ခြင်းစသည့် အမှားများအား ကုစားပေးနိုင်ပြီး၊ ယင်းကုစားမှုသည် တရားမမှု ဥပဒေ တွင် ပြဋ္ဌာန်းထားသည့် ကုစားမှုထက် စွက်ဖက်မှုပိုနည်းသော်လည်း ပို၍ ထိရောက်မှုရှိသည် (အထူးသဖြင့် အသရေဖျက်မှု - ကုစားမှုများသည် ထင်ယောင်ထင်မှားဖြစ်စေသော ရေးသားဖော်ပြချက်များကို တိုက်ရိုက်ဖြေရှင်းပေးနိုင်သဖြင့်)။ ကိုယ်ထူကိုယ်ထထိန်းကျောင်းရေး (Self-regulatory) စနစ်များသည် အလွဲသုံးစားပြုခံရချေပိုနည်းသဖြင့် ဥပဒေစာချုပ်စာတမ်းများဖြင့်ထိန်းကျောင်းသည့်စနစ်ထက် ပို၍ နှစ်လိုဖွယ်ရှိသည်။

နိုင်ငံတကာ စံချိန်စံနှုန်းများနှင့် ကိုက်ညီရန်မှာ မဖြစ်မနေပေးရမည့် မည်သည့် အမှန်ပြင်ဆင်ခွင့်နှင့် တုံ့ပြန်ခွင့်တို့မဆိုတို့ကို သင့်တင့်လျောက်ပတ်စွာ ကန့်သတ်ပြဋ္ဌာန်းထားရမည်ဖြစ်သည်။ အမှန်ပြင်ဆင်ခွင့်အခွင့်အရေးသည် စွက်ဖက်မှုပိုနည်းသည်ဖြစ်သဖြင့် ကျူးလွန်မိသောအမှားကို ထိရောက်စွာပြင်ဆင်ကုစားပေးနိုင်သည်ဖြစ်သ၍ ၎င်းအခွင့်အရေးကို ပို၍ဦးစားပေးသင့်သည်။ တုံ့ပြန်ပိုင်ခွင့်ကိုမူ အမှန်ပြင်ဆင်ခြင်းမှတစ်ဆင့် မကုစားပေးနိုင်သည့် နစ်နာသူ၏တရားဥပဒေအခွင့်အရေးတစ်ရပ်ချိုးဖောက်ခံရသည့် အခြေအနေမျိုးတွင်သာ ပေးအပ်သင့်သည်။

အချို့နိုင်ငံများတွင် ပုံနှိပ်မီဒီယာမှတစ်ဆင့် ဖြန့်ဝေသည့်အရာများကြောင့် အမှားကျူးလွန်ခံရသူများအတွက် တိုင်ကြားရန်အခွင့်အလမ်းပေးရန် - မီဒီယာကောင်စီ - စသည့် အဖွဲ့များကို ဥပဒေအရ ဖွဲ့စည်းတည်ထောင်ပေးထားသည်။ ၎င်းသည် ပညာရှင်မဆန်သော မီဒီယာအပြုအမူများအား ဖြေရှင်းရန် နှင့် မီဒီယာလွတ်လပ်ခွင့်ကိုကာကွယ်ရန် လိုအပ်ချက်တို့အကြား ထိန်းညှိရန်အတွက်ထိရောက်သည့် နည်းလမ်းဖြစ်နိုင်သော်လည်း ကိုယ်ထူကိုယ်ထထူထောင်ထားသည့် တိုင်ကြားရေးအဖွဲ့ ရှိနှင့်ပြီးသားဖြစ်ပါက ၎င်းကို ဥပဒေဖြင့် ထပ်ဆင့်မကြပ်မတ်သင့်ပါ။ ဥပဒေဖြင့်ထူထောင်ထားသည့် မည်သည့်တိုင်ကြားရေးအဖွဲ့မဆိုတို့သည် အခြားထိန်းကျောင်းရေးအဖွဲ့များ အားလုံးကဲ့သို့ပင် လွတ်လပ်သောအဖွဲ့ ဖြစ်သင့်သည်။ ထို့အပြင် တိုင်ကြားချက်များကို ပါဝင်သက်ဆိုင်သူအားလုံးနှင့် ညှိနှိုင်းတိုင်ပင်ကာ ကြိုတင်ချမှတ်ဖော်ဆောင်ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်နှင့်အညီ အကဲဖြတ်သင့်ပြီး၊ အမှားလုပ်မိကြောင်းအသိအမှတ်ပြုသည့် သတင်းစကားပုံနှိပ်ထုတ်ဝေပေးစေခြင်းသည် တစ်ခုတည်းသော ပြစ်ဒဏ်ဖြစ်သင့်သည်။

### ၃.၂.၃ ပုဂ္ဂလိက ရုပ်/သံ ထုတ်လွှင့်တင်ဆက်သူများ

ပုံနှိပ်မီဒီယာနှင့်မတူညီသည်မှာ ရုပ်/သံ ထုတ်လွှင့်တင်ဆက်သူများသည် ၎င်းတို့၏ ထုတ်ကုန်များကို အနည်းဆုံး ရေဒီယိုလှိုင်းများအား အသုံးပြု၍ ဖြန့်ဝေသည်ဖြစ်သဖြင့် လေလှိုင်းများအား စနစ်တကျအသုံးပြုကြောင်းသေချာစေရန်အတွက် ၎င်းတို့အား လိုင်စင်ချထားပေးရန် လိုအပ်သည်။ လေလှိုင်းများသည်

အကန့်အသတ်ရှိသော အများပြည်သူ အရင်းအမြစ်ဖြစ်ပြီး၊ စည်းမျဉ်းချမှတ်ထိန်းကျောင်းခြင်းအားဖြင့် ၎င်းအရင်းအမြစ်ကို အများပြည်သူအကျိုးစီးပွားအတွက်သာ အသုံးချကြောင်းသေချာစေမည်ဖြစ်သည် ဟု လက်ခံထားကြသည်။ နိုင်ငံအမြောက်အများတို့၌ ဥပဒေချမှတ်ထိန်းကျောင်းမှုများတွင် ရုပ်/သံ ထုတ်လွှင့်တင်ဆက်သူများအား လိုင်စင်ချထားပေးခြင်းနှင့် ၎င်းတို့ထုတ်လွှင့်သည့်အကြောင်းအရာများအပေါ် ကြီးကြပ်ကွပ်ကဲခြင်း နှစ်မျိုးစလုံးတို့ပါဝင်သည်။

လိုင်စင်ချထားသည့်လုပ်ငန်းစဉ်သည် ဖော်ဆောင်ထားသည့် ကြိမ်နှုန်းအစီစဉ် (frequency plan) နှင့် အညီဖြစ်သင့်သည်။ လေလှိုင်းအရင်းအမြစ်ကို ရှိသည်ထက်ပို၍လိုအပ်နိုင်သည့် လူဦးရေပိုမိုထူထပ်သော နယ်မြေဒေသများတွင် လိုင်စင်များကို တင်ဒါအပြိုင်ခေါ်ယူသည့်စနစ်ဖြင့် ကမ်းလှမ်းချထားပေးသင့်သည်။ လူဦးရေပိုနည်းသောဒေသများတွင် လျှောက်ထားမှုများအလွတ်ဖွင့်ထားပေးခြင်း သို့မဟုတ် အဖွင့်လေလံစနစ်ကို အသုံးပြုနိုင်သည်။ လျှောက်ထားမှုများကို စိစစ်သည့်လုပ်ငန်းစဉ်သည် - တင်ဒါအပြိုင်ခေါ်ယူသည့်စနစ်ဖြစ်စေ၊ အဖွင့်လေလံစနစ်ဖြစ်စေ - မျှတပြီး ပွင့်လင်းမြင်သာမှုရှိကာ အများပြည်သူကို အကြံပြုခွင့် ပေးသင့်သည်။ လျှောက်ထားမှုများကို - ကြိုတင်ထုတ်ပြန်ထားသည့်စံသတ်မှတ်ချက်များနှင့်၊ 'အကြောင်းအရာ၊ မီဒီယာအဖွဲ့ နှင့် အရင်းအမြစ်' စသည့်နယ်ပယ်များတွင် မီဒီယာ စုံလင်ကွဲပြားမှုကိုမြှင့်တင်ပေးရန် ရည်မှန်းချက်များပါဝင်သည့် စံသတ်မှတ်ချက်များအတိုင်း - မျှတသော၊ ပွင့်လင်းမြင်သာသော၊ ခွဲခြားဆက်ဆံမှုမရှိသော နည်းလမ်းများဖြင့် အမှီသဟဲကင်း၍ လွတ်လပ်သည့် ထိန်းကျောင်းရေးအဖွဲ့က စိစစ်သင့်သည်။

စုံလင်ကွဲပြားမှုကိုမြှင့်တင်ရန်အတွက် လိုင်စင်လျှောက်ထားသူများမှတင်ဆက်ရန် အဆိုပြုသည့် အစီအစဉ်အကြောင်း အချုပ်နှင့်အတူ လိုင်စင်လျှောက်ထားသူ၏ ပိုင်ဆိုင်မှုဖွဲ့စည်းပုံတို့ကို လျှောက်လွှာ၏အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်း လျှောက်ထားခိုင်းသင့်သည်။ လျှောက်ထားသူတစ်ဦးအား လိုင်စင်ချထားပေးခြင်းသည် မီဒီယာပိုင်ဆိုင်မှုကို ပို၍ စုဝေးသိပ်သည်းစေမည်ဖြစ်လျှင်ဖြစ်စေ၊ အများပြည်သူရရှိအတွက် ပို၍စုံလင်ကျယ်ပြန့်သော တင်ဆက်မှုအကြောင်းအရာရရှိစေမည်မဟုတ်လျှင်ဖြစ်စေ ယင်းအချက်များကို လိုင်စင်ထုတ်ပေးသင့်/မသင့် ဆုံးဖြတ်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည်။

လိုင်စင်ချထားခြင်းကို စုံလင်ကွဲပြားမှုသုံးမျိုး (အကြောင်းအရာ၊ အရင်းအမြစ်နှင့် ဌာန/အဖွဲ့) စလုံးတို့အတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့်နည်းလမ်းဖြင့် ဆောင်ရွက်နိုင်သည်။ တိကျသည့် လိုင်စင်လျှောက်ထားရေး စံသတ်မှတ်ချက်ချမှတ်ခြင်းအားဖြင့် ပိုမိုစုံလင်သည့် အကြောင်းအရာများတင်ဆက်ရန် အဆိုပြုသည့် ရုပ်/ သံထုတ်လွှင့်တင်ဆက်သူများအနေဖြင့် လိုင်စင်ကျရန်အခွင့်အလမ်းပိုရှိစေပြီး -အကြောင်းအရာစုံလင်ကွဲပြားမှုကို မြှင့်တင်နိုင်သည်။ အလားတူပင် အများပြည်သူဝန်ဆောင်မှု၊ စီးပွားဖြစ် နှင့် ရပ်

ရှာလူထု ရုပ်/ သံထုတ်လွှင့်တင်ဆက်သူ သုံးမျိုးသုံးစားစလုံးကို လိုင်စင်ချထားပေးရန်လိုအပ်ချက်ကို လိုင်စင်ချပေးရေးလုပ်ငန်းစဉ်အတွင်း တိုက်ရိုက်ထည့်သွင်းထားနိုင်ပြီး ၎င်းမှတစ်ဆင့် ဌာန/အဖွဲ့ စုံလင်ကွဲပြားမှုကိုပံ့ပိုးပေးနိုင်သည်။ နောက်ဆုံးအနေဖြင့်- ရုပ်/သံ လွှင့်ဌာနအမြောက်အများကို ထိန်းချုပ်နေပြီးဖြစ်သော ပိုင်ဆိုင်သူများအား နောက်ထပ်လိုင်စင်များချထားပေးခြင်းကို တားမြစ်သည့် လိုင်စင်ချထားပေးရေးစည်းမျဉ်းများဖြင့်လည်း အရင်းအမြစ်စုံလင်ကွဲပြားမှုကို မြှင့်တင်နိုင်သည်။

ရပ်ရွာလူထု ရုပ်/သံထုတ်လွှင့်တင်ဆက်သည့်ဌာနများ၏ အရင်းအမြစ်များသည် ပို၍ အားကောင်းပြီး၊ မီဒီယာဂေဟစနစ်အတွင်း ၎င်းတို့၏ အဓိကကျသော အခန်းကဏ္ဍတို့ကိုရှေးရှုသောအားဖြင့် ရပ်ရွာလူထု ရုပ်/သံထုတ်လွှင့်တင်ဆက်ခြင်းကို မြှင့်တင်ရန်အတွက် အထူးဆောင်ရွက်ချက်များ လုပ်ဆောင်သင့်သည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အထူး နိုင်ငံတကာ မန်းဒိတ်များက ၎င်းတို့၏ ၂၀၀၇ ခုနှစ် ရုပ်/သံ ထုတ်လွှင့်တင်ဆက်မှုတွင်း စုံလင်ကွဲပြားခြင်းဆိုင်ရာ ပူးတွဲကြေညာချက်အတွင်း ဖော်ပြပါအတိုင်းအကြံပြုထားသည် - “ရပ်ရွာလူထု ရုပ်/သံ ထုတ်လွှင့်တင်ဆက်ခြင်းကို ထူးခြားသည့် ရုပ်/သံထုတ်လွှင့်တင်ဆက်မှုပုံစံတစ်မျိုးအဖြစ် ဥပဒေတွင် တိတိကျကျ အသိအမှတ်ပြုသင့်ပြီး၊ ၎င်းတို့သည် မျှတသောနှင့် ရိုးရှင်းသော လိုင်စင်ချထားပေးရေးလုပ်ထုံးလုပ်နည်းများအောက် ခံစားခွင့်ရှိသင့်ကာ၊ ၎င်းတို့အား တင်းကြပ်သော နည်းပညာပိုင်းဆိုင်ရာ သို့မဟုတ် အခြား လိုင်စင်လျှောက်ထားရေးစံသတ်မှတ်ချက်များနှင့် ပြည့်မီခိုင်းစေခြင်းမရှိသင့်ပဲ၊ ဖြေလျှော့ပေးသော လိုင်စင်ကြေးများခံစားခွင့်ရှိသင့်ပြီး ကြော်ငြာများထည့်သွင်းမှုကိုလည်း လက်လှမ်းမှီနိုင်ခွင့်ရှိသင့်သည်”။[19]

ရုပ်သံအစီအစဉ် စံချိန်စံနှုန်းများ သို့မဟုတ် ကျင့်ဝတ်များကို ဥပဒေဖြင့် ချမှတ်ထားသည်ကို နိုင်ငံအမြောက်အများတို့တွင် ဘုံတူညီစွာ အတွေ့ရ များသော်လည်း၊ ထိရောက်သည့် ကိုယ်ထူကိုယ်ထ သို့မဟုတ် ဖက်စပ် ထိန်းကျောင်းရေး စနစ်ရှိပြီးသားဖြစ်ပါက ယင်းသို့လုပ်ဆောင်ရန် မလိုအပ်ပါ။ ဥပဒေစနစ်ကို ပြဋ္ဌာန်းလိုက်နာစေပါက ၎င်းသည် အခြားပုံနှိပ်မီဒီယာထိန်းကျောင်းသည့် ကျင့်ဝတ်များကဲ့သို့ပင် ပါဝင်သက်ဆိုင်သူများအားလုံးနှင့် တိုင်ပင်ဆွေးနွေးပြီး ကြိုတင်ဖော်ဆောင်ထားသော ကျင့်ဝတ်အပေါ်တွင်အခြေခံသင့်သည်။ ပိတ်ဆို့ကန့်သတ်မှုများသည် - သတိပေးခြင်း (warning) မှ စတင်သင့်ပြီး ချိုးဖောက်မှုကို အသိအမှတ်ပြုဝန်ခံသည့် ထုတ်လွှင့်မှုပြုလုပ်ရန် လိုအပ်စေခြင်းအထိ အဆင့်ဆင့်သွားသင့်ကာ၊ အပြစ်ပေးရန်အစား ပညာရှင်ဆန်သော စံချိန်စံနှုန်းများ လိုက်နာမှုမြှင့်တင်ရန်သည် ဦးတည်ချက်ပန်းတိုင်ဖြစ်သင့်သည်။ ပိုမိုပြင်းထန်သည့် ပိတ်ဆို့အပြစ်ပေးမှုများကို ပေါ့လျော့သောပိတ်ဆို့အပြစ်ပေး

---

[19] Note 13.

မှုများဖြင့် မကုစားနိုင်သည့်၊ ပြင်းထန်သောနှင့် ထပ်ခါထပ်ခါဖြစ်သော ချိုးဖောက်မှုများအတွက်သာ လုပ်ဆောင်သင့်သည်။

### ၃.၂.၄ အများပြည်သူဝန်ဆောင်မှု ရုပ်/သံထုတ်လွှင့်တင်ဆက်ခြင်း

အခြား မီဒီယာထိန်းကျောင်းမှုနယ်ပယ်များကဲ့သို့ပင် အများပြည်သူ ရုပ်/သံ ထုတ်လွှင့်တင်ဆက်သူအား အစိုးရမှထိန်းချုပ်ခြင်း သို့မဟုတ် နိုင်ငံရေးအကျိုးစီးပွားရှိစေခြင်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား ချိုးဖောက်ခြင်းဖြစ်သည်။ အများပြည်သူ ရုပ်/သံ ထုတ်လွှင့်တင်ဆက်သူများ၏ ကွပ်ကဲရေးဘုတ်အဖွဲ့များကို အခြားထိန်းကျောင်းရေးအဖွဲ့များကဲ့သို့နည်းတူပင် စွက်ဖက်မှုများမှကင်းအောင်အကာအကွယ်ပေးသင့်သည်။

အများပြည်သူ ဝန်ဆောင်မှု ရုပ်/သံ ထုတ်လွှင့်တင်ဆက်ခြင်း၏ အဓိက ပန်းတိုင်မှာ စီးပွားဖြစ်ရုပ်သံထုတ်လွှင့်တင်ဆက်သူများမှတင်ပြလာသည့်အကြောင်းအရာများအပေါ် အပြန်အလှန် ဖြည့်စွက်ရန်နှင့် ပို၍ကျယ်ဝစေရန်ဖြစ်သည်။ ယင်းသို့လုပ်ဆောင်ရန်မှာ အများပြည်သူ ရုပ်/သံထုတ်လွှင့်တင်ဆက်သူများအနေဖြင့် စီးပွားရေးဖိအားပေးမှုများနှင့် ကင်းလွတ်စွာလည်ပတ်ရန်လိုအပ်ပြီး တစ်ဖက်တွင်လည်း အများပြည်သူထံမှဘဏ္ဍာရေးထောက်ပံ့မှုရရှိရန်လိုအပ်သည်။ ယင်းသို့ထောက်ပံ့မှုသည် အများပြည်သူ ရုပ်/သံထုတ်လွှင့်တင်ဆက်သူများအနေဖြင့် ၎င်းတို့၏သက်ဆိုင်ရာလုပ်ငန်းတာဝန်များအား ပြည့်မီအောင်ထမ်းဆောင်နိုင်သည်အထိ လုံလောက်မှု ရှိသင့်ပြီး၊ ၎င်းတို့အား နိုင်ငံရေးဖိအားပေးရန်အတွက် အသုံးပြုနိုင်ချင်းမရှိအောင် ကာကွယ်ပေးရမည်။ ယင်းသို့လုပ်ဆောင်ရန်အကောင်းဆုံးနည်းမှာ- ဥပမာ လျှပ်စစ်မီတာခ သို့မဟုတ် ရုပ်မြင်သံကြားစက်ပိုင်ဆိုင်မှုအပေါ်မူတည်၍ကောက်သောအခွန် စသည့် အများပြည်သူ၏ တိုက်ရိုက် အခွန်အခမှ တစ်ဆင့် အများပြည်သူရုပ်/သံထုတ်လွှင့်တင်ဆက်သူများအား ရန်ပုံငွေချထားပေးခြင်းဖြစ်သည်။

အများပြည်သူ ရုပ်/သံထုတ်လွှင့်တင်ဆက်သူများထံမှ မည်သည်ကို မျှော်လင့်သည်ကို ရှင်းရှင်းလင်းလင်းရှိရန် နှင့် တာဝန်ခံမှု မူဘောင်ပေးအပ်ရန် ဥပဒေတွင် ၎င်းတင်ဆက်သူများအတွက် ရှင်းလင်းစွာချမှတ်ထားသည့် လုပ်ပိုင်ခွင့်တာဝန် (mandate) ရှိရန်လည်း အရေးကြီးသည်။ ယင်း လုပ်ပိုင်ခွင့်တာဝန်၏ အသေးစိတ်အချက်အလက်များသည် နိုင်ငံနှင့် နောက်ခံအခြေအနေတို့အပေါ် မူတည်မည် ဖြစ်သော်လည်း အဆိုပါထုတ်လွှင့်တင်ဆက်သူများသည် များသောအားဖြင့် ဘက်စုံဖြစ်သောနှင့် အရည်အသွေးပြည့်မီသော သတင်းဝန်ဆောင်မှုပေးအပ်ခြင်း၊ လူမှုအသိုင်းအဝိုင်း၏ ကဏ္ဍအားလုံးတို့အတွက် အသံထွက်ပေးခြင်း နှင့် သတင်းအချက်အလက်လိုအပ်ချက်များ ပေးအပ်ခြင်း၊ အမျိုးသားယဉ်ကျေးမှု နှင့်အ

စီအစဉ် ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ခြင်းနှင့် ပညာပေးအစီအစဉ်များ တင်ဆက်ခြင်းစသည်တို့ကို လုပ်ဆောင်ရန်ဖြစ်သည်။

### ၃.၂.၅ ဒီဂျစ်တယ် ရပ်ဝန်း

အင်တာနက်သည် ရုပ်မြင်သံကြားနှင့် ရေဒီယို ထုတ်လွှင့်တင်ဆက်မှုများနှင့်တူညီသည့် လိုင်းဆအကန့်အသတ်ဟူ၍မရှိပါ။ ရလဒ်အနေဖြင့် အင်တာနက်သည် အကန့်အသတ်ရှိသော အများပြည်သူအရင်းအမြစ်မဟုတ်တော့ပဲ အွန်လိုင်းရေးသားပြောဆိုမှုအပေါ် လိုင်စင်လိုအပ်ချက်များ ချမှတ်လိုက်နာစေရန်အတွက် ခိုင်လုံသည့် အကြောင်းရင်းများမရှိတော့ပါ။ အင်တာနက် အသုံးပြုနိုင်မှု (ဥပမာ - ကြေးနန်းကြိုးခေါ်ကေဘယ်လိုင်း၊ ဂြိုဟ်တုဆက်တလိုက် သို့မဟုတ် မိုဘိုင်းဖုန်းဝန်ဆောင်မှုများ စသည်တို့မှတစ်ဆင့်) ဖြန့်ဝေပေးသည့် နည်းလမ်းအပေါ် ကွပ်ကဲသည့် လိုင်စင်ချထားခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် ချမှတ်ရန် တရားဝင်ခိုင်လုံမှုရှိနိုင်သည်။ သို့သော်လည်း တယ်လီကွန် ဆက်သွယ်ရေးဝန်ဆောင်မှုပေးအပ်သူများအတွက် လိုင်စင်ချထားပေးရေး စနစ်များထက် ကျော်လွန်၍ အင်တာနက်ဝန်ဆောင်မှုပေးသူများ သို့မဟုတ် အင်တာနက်အခြေပြုဆက်သွယ်ရေးဝန်ဆောင်မှုများ အပေါ် အထူး သီးသန့် လိုင်စင်ချထားရေးစနစ်များ ချမှတ်ခြင်းသည် မသင့်တော်ပါ။

တရားဝင်ခိုင်လုံမှုရှိရန်မှာ အွန်လိုင်းရေးသားပြောဆိုသည့်စကားများအပေါ် ကန့်သတ်ချက်များသည် ဝက်ဘ်ဆိုက် သို့မဟုတ် ပလက်ဖောင်းနေရာတစ်ခုလုံးအပေါ် အကျုံးဝင်စေသည့်အစား အကြောင်းအရာအလိုက် သီးခြားဖြစ်သင့်သည်။ ဝက်ဘ်ဆိုက်၊ IP လိပ်စာများ၊ အဝင်အထွက် (port) များ၊ ကွန်ယက်ပရိုတိုကော သို့မဟုတ် အသုံးပြုမှုအမျိုးအစား (လူမှုကွန်ယက်ချိတ်ဆက်မှုစသည်) တို့အား တစ်ခုလုံး မဖြစ်မနေပိတ်ပင်ခြင်းအပြင် ဆာဗာများထံမှ ဝက်ဘ်စာမျက်နှာအား ဖယ်ရှားပစ်ခြင်းတို့သည် - နိုင်ငံရေးလွှမ်းမိုးမှုမရှိသော တရားစီရင်ရေးအဖွဲ့ သို့မဟုတ် အခြားအဖွဲ့တစ်ခုခု၏ အတည်ပြုခွင့်ပြုချက်ဖြင့်သာ ချင်းချက်ထား၍ လုပ်ဆောင်ရမည့် ပြင်းထန်သည့်ဆောင်ရွက်ချက်ဖြစ်သည်။ ယင်းသို့သောဆောင်ရွက်ချက်များကို အခြေအနေရပ်အချို့တို့တွင်သာ ကျိုးကြောင်းပြ၍လုပ်ဆောင်နိုင်သည်၊ ဥပမာ- ကလေးငယ်များအား လိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြုမှုမှကာကွယ်ရန်လိုအပ်ခြင်း။ ဆုံးဖြတ်ချက်ချမှတ်သူများသည် ၎င်းတို့အနေဖြင့် မည်သည့်ဆိုက်များကို ပိတ်ပင်ထားသည်နှင့် ပိတ်ထားရသည့်အကြောင်းရင်း တို့ကို ထုတ်ပြန်သင့်သည်။

အင်တာနက်ဝန်ဆောင်မှုများမရယူနိုင်အောင် နှင့် ဝက်ဘ်ဆိုက်များအားမဝင်ရောက်နိုင်အောင် နှောင့်ယှက်၊ ပိတ်ဆို့ခြင်းသည် ကြိုတင်ဟန့်တားချက်ပုံစံတစ်ခု - ဆိုလိုသည်မှာ၊ ရေးသားပြောဆိုမှု သို့မဟုတ် အခြားထုတ်ဖော်ပြောဆိုမှု တစ်မျိုးမျိုးမဖြစ်ပေါ်ခင် ကြိုတင် ပိတ်ပင်တားမြစ်သည့်ဆောင်ရွက်ချက်-

ဖြစ်သည်။ ထို့ကြောင့် ယင်းသို့သောကြိုတင်ကာကွယ်သည့်ဆောင်ရွက်ချက်များသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ကန့်သတ်ချက်များအတွက် လိုအပ်ချက်သုံးရပ်ပြည့်မှီရန် ကြီးလေးသည့် တာဝန် ရှိလာမည်ဖြစ်သည်။ ပထဝီနယ်မြေဒေသတစ်ခုခုအတွင်း အထွေထွေ အင်တာနက်ပိတ်ဆို့မှုများ သည် 'မဖြစ်မနေလိုအပ်ခြင်း' နှင့် 'အချိုးကျခြင်း'ဆိုင်ရာ လိုအပ်ချက်များနှင့်မပြည့်မှီသဖြင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် မကိုက်ညီပါ။

'ဘက်မလိုက်မှု (net neutrality)' အခြေခံမှုနှင့်အညီ နိုင်ငံများအနေဖြင့် စက်ပစ္စည်း၊ အကြောင်းအရာ၊ မူရင်းရေးသားသူ၊ လမ်းကြောင်း သို့မဟုတ် ဒေတာအချက်အလက်၏ဇစ်မြစ် စသည်တို့အပေါ်အခြေခံ ပြီး အင်တာနက်လမ်းကြောင်းများအား မတူကွဲပြားစွာ ကိုင်တွယ်လုပ်ဆောင်ခြင်းမှ ရှောင်ကြဉ်ပြီး၊ ယင်း သို့မလုပ်ဆောင်ရန်လည်း ဥပဒေပြဋ္ဌာန်းသင့်သည်။ အင်တာနက်ဝန်ဆောင်မှုပေးသူများအနေဖြင့် ၎င်းတို့ ၏အင်တာနက်လမ်းကြောင်း စီမံခန့်ခွဲမှုအကြောင်း ပွင့်လင်းမြင်သာမှုရှိရန် နိုင်ငံတော်ဘက်မှ လိုအပ်စေ သင့်သည်။

နိုင်ငံများအနေဖြင့် အင်တာနက်အကြောင်းအရာပိုင်းတွင်လည်း အပြုသဘောဆောင်သည့် လိုက်နာရန် တာဝန်များရှိသည်။ အင်တာနက်သည် ယနေ့ခေတ်လူမှုဘဝများအတွက်သာမကပဲ၊ အခြားသောအခွင့် အရေးအမျိုးမျိုးတို့အား ပံ့ပိုးပေးရန်လိုအပ်သည့် 'သတင်းအချက်အလက်ရယူလက်လှမ်းမှီမှု' ကိုပေး အပ်ရန် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်နေသည်ဖြစ်သဖြင့် နိုင်ငံများအနေဖြင့် အင်တာနက်ကို အား လုံးရယူလက်လှမ်းမှီနိုင်မှုရှိအောင် မြှင့်တင်ပေးရန်တာဝန်ရှိကြောင်း အများက ပို၍လက်ခံလာကြပြီဖြစ် သည်။ ၎င်းသည် နိုင်ငံများအနေဖြင့် အင်တာနက်အားလုံးရယူလက်လှမ်းမှီနိုင်အောင် လက်ငင်းချက်ချင်း လုပ်ပေးရမည်ဟုမဆိုလိုပဲ၊ နိုင်ငံအမြောက်အများမှာလည်း ယင်းသို့လုပ်ဆောင်ပေးရန် မဖြစ်နိုင်ပါ။ ထို့ အစား နိုင်ငံများအနေဖြင့် အင်တာနက်ရယူအသုံးပြုနိုင်မှု ပြဿနာအပေါ် သင့်တော်သည့်အလေးပေးမှု ဖြင့် ဂရုပြုရန် နှင့် အရင်းအမြစ်များချထားပေးရန် လိုအပ်သည်။ ၎င်းကို စည်းမျဉ်းချမှတ်ထိန်းကျောင်း ဆောင်ရွက်ချက်များ (အင်တာနက်ပေးအပ်သူများတွင် အားလုံးအတွက်ဘက်စုံဝန်ဆောင်မှုပေးရန် တာ ဝန်ရှိမှုများ စသဖြင့်)၊ တိုက်ရိုက်ပံ့ပိုးမှု၊ မသန်စွမ်းသူများအတွက် ရယူအသုံးပြုနိုင်မှုရှိစေရန် အသိအ မြင်ဖွင့်ခြင်းနှင့် အထူးအလေးပေးဆောင်ရွက်ခြင်း စသည်တို့ အပါအဝင် နည်းလမ်းအမျိုးမျိုးဖြင့် လုပ် ဆောင်ပေးနိုင်သည်။

## ၄။ နိဂုံး

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် ၎င်းကိုယ်တိုင် အဓိကကျသည့် လူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီး၊ ဒီမိုကရေစီနည်းလမ်းတကျအုပ်ချုပ်မှု နှင့် ပို၍အပြောကျယ်သော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်များအတွက် မရှိမဖြစ်လိုအပ်သော လက်နက်တစ်ခုဖြစ်သည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အခွင့်အရေးကို အကောင်းဆုံး မည်သို့အာမခံချက်ပေးနိုင်မည့်အပေါ် အဓိက လမ်းညွှန်ပေးသည့် နိုင်ငံတကာစံချိန်စံနှုန်းများနှင့် အကောင်းဆုံးကျင့်သုံးမှုအလေ့အထများလည်း ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံရှိ ပါဝင်သက်ဆိုင်သူများအတွက် သတင်းအချက်အလက်ပေးရန် မျှော်လင့်ချက်ဖြင့် ဤစာတမ်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပြင် သတင်းအချက်အလက်ရရှိပိုင်ခွင့်နှင့် ပုဂ္ဂိုလ်ရေးရာလုံခြုံခွင့်တို့အပေါ် သက်ရောက်မှုရှိသည့် ဥပဒေများအတွက် အဓိကကျသည့်နိုင်ငံတကာစံချိန်စံနှုန်းများအကြောင်း ခြုံငုံဖော်ပြပေးထားသည်။ နိုင်ငံများအနေဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ပံ့ပိုးပေးနိုင်ရန်အတွက် ထားရှိသင့်သည့် နှင့် ရှောင်ကြဉ်သင့်သည့် တရားရေးအုပ်ချုပ်မှုနှစ်မျိုးစလုံးတို့ အကြောင်း အသုံးဝင်သည့်ခြုံငုံဖော်ပြမှုကို ဤစာတမ်းမှတစ်ဆင့် ရရှိသွားမည်ဟု ကျွန်ုပ်တို့၏ ဥပဒေနှင့်ဒီမိုကရေစီစင်တာမှ မျှော်လင့်ပါသည်။ ဤစာတမ်းတွင် ဖော်ပြထားသည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ နောက်ထပ်သတင်းအချက်အလက်များ ထပ်မံ သိရှိလိုပါက ကျွန်ုပ်တို့ထံ ဆက်သွယ်ရန် ဝန်မလေးပါနှင့်။